# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၃၅)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုတစ်ဝန်းလုံး ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်

နေပြည်တော် မေ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ်(၁၂/၂၀၀၈)ကို ၂၀၀၈ခုနှစ် မေ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။
အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

### ပြည်ထောင်စုမြန်မာနိုင်ငံတော်
### ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်
(ကြေညာချက်အမှတ် ၁၂/၂၀၀၈)

### ၁၃၇၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်(၇)ရက်
### (၂၀၀၈ခုနှစ်၊ မေလ ၂၆ ရက်)

### ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ် ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော် တစ်ဝန်းလုံးတွင် မြို့နယ်ပေါင်း (၃၂၅) မြို့နယ်ရှိသည့်အနက် (၂၇၈) မြို့နယ်တို့၌ ၂၀၀၈ခုနှစ်၊ မေလ(၁၀) ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ရာ ထိုကျင်းပပြီးစီးခဲ့သည့်ဆန္ဒခံယူပွဲရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ခုနှစ်၊ မေလ (၁၅) ရက်စွဲပါ ကြေညာချက်အမှတ် (၁၀/၂၀၀၈)ဖြင့်လည်းကောင်း၊ ဤကော်မရှင်၏ ၂၀၀၈ခုနှစ်၊ မေလ (၆) ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၀၈)ဖြင့် ထုတ်ပြန် ကြေညာထားသည့်အတိုင်း ပြင်းထန်သည့် "နာဂစ်" မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းမှ မြို့နယ်ပေါင်း (၄၀) နှင့် ဧရာဝတီတိုင်းမှ (၇) မြို့နယ်တို့အတွက် ကျင်းပရန်ရှိသည့် ဆန္ဒခံယူပွဲကို ၂၀၀၈ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ရာ ထိုဆန္ဒခံယူပွဲ၏ ရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ခုနှစ်၊ မေလ(၂၆)ရက်စွဲပါ ကြေညာချက်အမှတ်(၁၁/၂၀၀၈) ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လူဦးရေ (၅၇၅၀၄၃၆၈) ဦးနှင့် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၇၃၆၉၉၅၇)ဦးရှိခဲ့ရာမှ ပြင်းထန်သော "နာဂစ်" မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် သေဆုံးသူဦးရေ (၇၇၇၃၈) ဦးနှင့် ပျောက်ဆုံးသူဦးရေ (၅၅၉၁၇) ဦး ပေါင်း (၁၃၃၆၅၅) ဦးဖြစ်ပြီး ယင်းတို့အနက် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၈၁၁၃၀) ဦးပါဝင်ကြောင်း စာရင်းကောက်ယူရေးအဖွဲ့၏တင်ပြချက်အရ သိရှိရပါသည်။ ထို့ကြောင့် ယခုအခါ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လူဦးရေ (၅၇၃၇၀၇၁၃) ဦးနှင့် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၇၂၈၈၈၂၇) ဦးရှိပါသည်။

၃။ ထို့ကြောင့် ၂၀၀၈ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် (၂၇၈) မြို့နယ်နှင့် ၂၀၀၈ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် (၄၇) မြို့နယ် ပေါင်း (၃၂၅) မြို့နယ်တို့အတွက် ကျင်းပခဲ့သော ဆန္ဒခံယူပွဲ၏ စုစုပေါင်းရလဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုတစ်ဝန်းလုံးရှိ အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေ | ၂၇၂၈၈၈၂၇ ဦး |
| (ခ) | ဆန္ဒမဲပေးသူဦးရေ | ၂၆၇၇၆၆၇၅ ဦး (၉၈ ဒသမ ၁၂) ရာခိုင်နှုန်း |
| (ဂ) | ထောက်ခံဆန္ဒမဲပေးသည့်ဦးရေ | ၂၄၇၆၄၁၂၄ ဦး (၉၂ ဒသမ ၄၈) ရာခိုင်နှုန်း |
| (ဃ) | ကန့်ကွက်ဆန္ဒမဲပေးသည့်ဦးရေ | ၁၆၃၁၇၁၂ ဦး (၆ ဒသမ ၁) ရာခိုင်နှုန်း |
| (င) | ပယ်မဲ | ၃၈၀၈၃၉ ဦး (၁ ဒသမ ၄၂) ရာခိုင်နှုန်း |

၄။ အထက်အပိုဒ်(၃)ပါအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံး၌ ကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးသူစုစုပေါင်း (၂၆၇၇၆၆၇၅) ဦးတို့၏ဆန္ဒမဲပေးမှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | မဲရုံသို့ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးသူဦးရေ | ၂၂၁၅၄၉၇၀ ဦး (၈၂ ဒသမ၇၄) ရာခိုင်နှုန်း |
| | (၁) ထောက်ခံဆန္ဒမဲပေးသူဦးရေ | ၂၀၂၁၅၆၃၇ ဦး |
| | (၂) ကန့်ကွက်ဆန္ဒမဲပေးသူဦးရေ | ၁၅၇၅၂၅၇ ဦး |
| | (၃) ပယ်မဲ | ၃၆၄၀၇၆ ဦး |
| (ခ) | ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသူဦးရေ | ၄၆၂၁၇၀၅ ဦး (၁၇ ဒသမ ၂၆) ရာခိုင်နှုန်း |
| | (၁) ထောက်ခံဆန္ဒမဲပေးသူဦးရေ | ၄၅၄၈၄၈၇ ဦး |
| | (၂) ကန့်ကွက်ဆန္ဒမဲပေးသူဦးရေ | ၅၆၄၅၅ ဦး |
| | (၃) ပယ်မဲ | ၁၆၇၆၃ ဦး |

၅။ သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ကျင်းပခဲ့သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၇၂၈၈၈၂၇) ဦးတို့အနက် (၂၆၇၇၆၆၇၅) ဦးတို့က လာရောက်ဆန္ဒမဲပေးခဲ့ကြပြီး ဆန္ဒမဲပေးသည့်ရာခိုင်နှုန်းမှာ (၉၈ဒသမ၁၂)ရာခိုင်နှုန်း ဖြစ်ပါသည်။ အဆိုပါဆန္ဒမဲပေးသည့် (၂၆၇၇၆၆၇၅) ဦးတို့အနက် (၂၄၇၆၄၁၂၄) ဦးတို့က ထောက်ခံဆန္ဒမဲပေးခဲ့ကြသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပေးရန် ထောက်ခံသည့် ရာခိုင်နှုန်းမှာ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်း ဖြစ်ကြောင်း ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၂၃ အရ ကြေညာလိုက်ပါသည်။

(အောင်တိုး)
ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

# ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း၌ မြို့နယ် (၄၇) မြို့နယ်အတွက်ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်

နေပြည်တော် မေ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ်(၁၁/၂၀၀၈)ကို ၂၀၀၈ ခုနှစ် မေ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။
အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

### ပြည်ထောင်စုမြန်မာနိုင်ငံတော်
### ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်
(ကြေညာချက်အမှတ် ၁၁/၂၀၀၈)

### ၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် (၇) ရက်
### (၂၀၀၈ ခုနှစ်၊ မေလ ၂၆ ရက်)

### ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ပေါင်း (၄၇) မြို့နယ်တို့အတွက် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ် ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော်တစ်ဝန်းလုံးတွင် မြို့နယ်ပေါင်း (၃၂၅) မြို့နယ်ရှိသည့်အနက် (၂၇၈) မြို့နယ်တို့၌ ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ရာ

*ကျောဖုံးသို့*

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၂၇ ရက်)

# ကျွမ်းကျင်မှုနည်းပညာရှင်နှင့် စေတနာရှင်များကူညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုအကျိုးရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကုလသမဂ္ဂနှင့်အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံကို ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ မေလ၂၅ရက်နေ့တွင်ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းမြွက်ကြားခဲ့သည်။

ယင်းအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ကယ်ဆယ်ရေးလုပ်ငန်းများ အတော်အသင့် ဆောင်ရွက်ပြီးဖြစ်၍ အသက်ရှင်ကျန်ရစ်သူများ ဆက်လက်ရှင်သန်နိုင်ရန် အစားအစာ၊ ရေ၊ ရိက္ခာ၊ အဝတ်အထည်နှင့် နေရာထိုင်ခင်းများပေးပြီး ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်နေကြောင်း၊ ပြည်ပနိုင်ငံများနှင့်အဖွဲ့အစည်းများက ယနေ့အထိ ပေးပို့လှူဒါန်းကြသည့်အတွက် အလှူရှင်များကို အထူးပင် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ၌ မုန်တိုင်းဦးတည်တိုက်ခတ်သွားသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ခဲ့သည်။ မုန်တိုင်းနှင့်အတူပါလာသည့် ရေဘေးကြောင့် လူ၊ လယ်ယာမြေနှင့် တိရစ္ဆာန်များ သေကျေပျက်စီး ဆုံးရှုံးခဲ့ရသည်။

ယခုအခါ မိုးရာသီရောက်ရှိလာပြီဖြစ်၍ လေဘေးသင့်ပြည်သူများ အမိုးအကာအောက်ရောက်ရှိရေးအတွက် ပြည်တွင်းမှ သစ်၊ ဝါးတို့ဖြင့် ဆောက်လုပ်ကာ အလှူရှင်များ၏ မိုးကာတဲများ၊ တာပေါ်လင်စများ၊ ပလတ်စတစ်လိပ်များကို အမိုးအကာအဖြစ်အသုံးပြုပြီး ယာယီနေရာချထားပေးသည်။ ဒေသခံပြည်သူများ၏ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် နေအိမ်များ၊ ကျောင်းများ၊ ဆေးခန်းများ ပြန်လည်ဆောက်လုပ်ပေးမည့်အပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ပြန်လည်ဖြည့်ဆည်းပေးကြရမည် ဖြစ်သည်။

အဆိုပါဒေသသည် ပြည်တွင်းစားနပ်ရိက္ခာအတွက်သာမက နိုင်ငံတကာအတွက်ပါ ဖြည့်ဆည်းပေးလျက်ရှိရာ စပါးစိုက်ခင်းနှင့် လယ်ယာမြေတချို့ ပျက်စီးသွားသည့်အတွက် ထုတ်လုပ်မှုလျော့နည်းသွားနိုင်သဖြင့် စပါးစိုက်ပျိုးနိုင်သည့် ဒေသများ၌ အစားထိုးတိုးချဲ့ စိုက်ပျိုးသွားရန် လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများ လိုအပ်လာမည်ဖြစ်သည်။ ထို့ပြင် ငါးဖမ်းလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် အကူအညီများ လိုအပ်လျက်ရှိသည်။

လေဘေးဒဏ်သင့်ဒေသများ၌ နိုင်ငံတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက ကျွမ်းကျင်မှုနည်းပညာရှင်နှင့် စေတနာရှင်များ ပါဝင်ကူညီဆောင်ရွက်ခြင်းဖြင့် လယ်သမားများနှင့် ရေလုပ်သားများ၏ လူမှုစီးပွား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ များစွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ ပြင်ဆင်နေမှု ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်း အဆောက်အအုံအထူးအဖွဲ့များမှ အင်ဂျင်နီယာမှူးများနှင့် ခရိုင်အင်ဂျင်နီယာမှူးများအား မေ ၂၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ရန်ကုန်တိုင်းအတွင်းရှိ အဆောက်အအုံများနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအား ကျောင်းဖွင့်ရက်မတိုင်မီ ပြီးစီးအောင် ပြုပြင်ဆောင်ရွက်ရေး မှာကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့်ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အင်ဂျင်နီယာချုပ်များက လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပင်မတက္ကသိုလ် အမိုးများ ပြုပြင်ဆောင်ရွက်နေမှုနှင့် နိုင်ငံခြားဘာသာတက္ကသိုလ် အမိုးအကာများ ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပညာရေးဝန်ကြီးဌာန ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

## မြဝတီရုပ်မြင်သံကြား

၂၇-၅-၂၀၀၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၁၅ | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၂၅ | ၅။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ အစီအစဉ်** |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၃၅ | ၈။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၅၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | ဝတ်စားဆင်ယင်လှစေချင် |
| ၆း၄၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုနဲ့ဘောက်**(အပိုင်း-၂) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | မွေးမြူသုတ |
| | ၂၀။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၁၁) |

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇) ရပ်ကွက် ဇိနမာန်အောင် စေတီအနီး သုညတမေ္ဘ မိုးကုတ်ဝိပဿနာမေ္ဘရိပ်သာ ကျောင်းတိုက်မဂ္ဂမေ္ဘလေး ထပ် ဆောင်မတည် အလှူရှင် ဦး မြင့် ကြည် - ဒေါ် စမ်း စမ်း ဝင်း၊ သား အောင်အောင်၊ ဗိုလ်ကြီးသော်သော်၊ သမီးအိန္ဒြေ၊သားငယ် စည်သူ မိသားစုက အလှူငွေကျပ်သုံးသိန်းကို သုညတမေ္ဘဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ကမ္ဘာအေးကုန်းမြေအတွင်းရှိ အဆောက်အအုံများ ပြုပြင်ပြီးစီးမှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယမန်နေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့် ကျောင်းဆောင်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဝင်းအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုသည်။

### တက်ရောက်

ဆက်လက်၍ ဝန်ကြီးသည် ဝန်ကြီးရုံးခန်းမ၌ အလှူရှင်များက လေဘေးသင့်သာသနာရေးဆိုင်ရာ အဆောက်အအုံများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်သို့ သွားရောက်၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် လေဘေးသင့်ပြည်သူများအတွက် စုစုပေါင်းငွေကျပ် ၄၇သိန်းတန်ဖိုးရှိ လှူဖွယ်ခြင်းကိုးခြင်း၊ သင်္ကန်းဒွိစုံ ၁၆၄စုံ၊ သီလရှင်ဝတ်စုံနှစ်စုံ၊ အဝတ်အထည်၁၂၀၀နှင့် စားသောက်ဖွယ်ပစ္စည်း စုံ ၈၃အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှည်းကူးမြို့ ဘောလုံးကွင်းအနီးနေ ဗိုလ်မှူးဘမြင့်(ငြိမ်း)-ဒေါ်ခင်ညွန့်နှင့်သားသမီး၊ မြေးတစ်စုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့တာ အထူးအာဟာရကျွေးမွေးရန်အတွက် ငွေကျပ်သုံးသိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ နာယကဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ဖျာပုံမြို့နှင့် ကျုံဒါးကျေးရွာရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝန်ကြီး ဦးစိုးသာနှင့် ဆွီဒင်နိုင်ငံမှ ဝန်ကြီး မစ္စဂန်နီလာကာလ်ဆွန်တို့ ကြည့်ရှုလေ့လာ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဂန်နီလာကာလ်ဆွန်တို့ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဂန်နီလာကာလ်ဆွန်တို့သည် ဒေးဒရဲမြို့ ကျုံဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၆

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဂန်နီလာကာလ်ဆွန်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး Mr. Lenneart Linner နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်စနာရီတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဖျာပုံမြို့သို့ သွားရောက်ကြသည်။**

## အားပေးစကားပြောကြား

ဝန်ကြီး ဦးစိုးသာနှင့် အဖွဲ့သည် ဖျာပုံမြို့၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့်အတူ ဖျာပုံမြို့ရှိ အိန္ဒိယ-မြန်မာ ဆေးအဖွဲ့များ ပူးတွဲဖွင့်လှစ်ထားသော ဆေးကုသရေးစခန်း၌ လေဘေးသင့်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာပြီး လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကြသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီး ဦးစိုးသာနှင့် ဧည့်သည်တော်ဝန်ကြီး မစ္စဂန်နီလာကာလ်ဆွန်တို့ ဦးဆောင်သောအဖွဲ့သည် ဖျာပုံမြို့ အမှတ်(၁)ကယ်ဆယ်ရေးစခန်းနှင့် ကျုံဒါးကျေးရွာကယ်ဆယ်ရေးစခန်းတို့သို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုလေ့လာ၍ မုန်တိုင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသော ကွမ်းခြံကုန်းမြို့နှင့် တွံတေးမြို့များကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များစားသုံးခြင်းတို့ကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းလျှောဝမ်းပျက်ရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊
- သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊
- ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
- ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊
- အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊
- အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# လေဘေးသင့်ပြည်သူများအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများက အလှူငွေနှင့်ပစ္စည်းများဆက်လက်လှူဒါန်း

**ရန်ကုန် မေ ၂၆**

လေဘေးဒဏ်သင့်ပြည်သူများအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တိုင်းရင်းသားပြည်သူများနှင့် တပ်ရင်း၊တပ်ဖွဲ့မိသားစုများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ သတ္တမအကြိမ်မြောက် ပေးအပ်လှူဒါန်းပွဲကို မေ ၂၃ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်းပွဲတွင် လေဘေးသင့်ပြည်သူများအတွက် ဥရောပ၊ အာရှကုမ္ပဏီက ငွေကျပ်သိန်း ၇၀၀တန်ဖိုးရှိ မိုးကာလိပ်၂၄၀၊ စောင်၄၇၁၂ထည်၊ ခြင်ထောင် ၄၃၄၅ လုံးနှင့် ဓာတ်မီးဖာ ၁၀၀တို့ကိုလည်းကောင်း၊ ဦးအောင်ဝင်း(ပြည်နယ်ဆက်သွယ်ရေး) မိသားစုက ငွေကျပ်သုံးသိန်း တန်ဖိုးရှိ အဝတ်အထည်များကိုလည်းကောင်း၊ လားရှိုးဘူတာရုံမိသားစုက ငွေကျပ် ၁၅၃၀၀၀ တန်ဖိုးရှိ အဝတ်အထည်များကိုလည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်ရင်း၊တပ်ဖွဲ့များက ငွေကျပ် ၁၄ သိန်း၊ လောက်ကိုင်တပ်နယ်မှ အရာရှိ စစ်သည်များက ငွေကျပ် ၁၄၅၀၀၀၀၊ ဖာလင်သတ္တုကုမ္ပဏီမိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးမိုးကျော်သူ (Golden Poller) ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ ရွှေစင်ရတနာပန်းပုလုပ်ငန်းက ငွေကျပ်ငါးသိန်း၊ ကွမ်လုံတပ်နယ်က ငွေကျပ်၂၂၀၀၀၀နှင့် ငွေကျပ် ၅၅၅၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့က လက်ခံကြသည်။ အဆိုပါ လှူဒါန်းသောပစ္စည်းများတန်ဖိုးမှာ ငွေကျပ် ၇၀၄၅၃၀၀၀နှင့် ငွေကျပ်သိန်း ၅၁၂၅၅၀၀ရှိ၍ စုစုပေါင်း လက်ခံရရှိငွေပေါင်းမှာ ငွေကျပ် ၇၅၅၇၈၅၀၀ ရှိကြောင်းနှင့် အဆိုပါငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့်ပြည်သူများထံ ဆက်လက်ပေးပို့လျက်ရှိသည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်း လေဘေးသင့်မြို့နယ်များသို့ လယ်ယာသုံးစက်ကိရိယာများ လှူဒါန်း

ရန်ကုန် မေ ၂၆

**လေဘေးသင့်သည့်ဒေသများတွင် လယ်ယာလုပ်ငန်းများ ပြန်လည်ထူထောင်ပေးလျက်ရှိပြီး ဧရာဝတီတိုင်း လေဘေးသင့်မြို့နယ်များသို့ လယ်ယာသုံးစက်ကိရိယာများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီးကျေးရွာရှိ စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တာဝန်ရှိသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။**

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးနေအောင် (အောင်ရီဖြိုးကုမ္ပဏီ) က လယ်ယာ(၁၆)လက်တွန်းထွန်စက် ၄၅၉ စီး တန်ဖိုးငွေကျပ် ၅၀၀၃ ဒသမ ၁ သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ လယ်ယာ(၁၆) လက်တွန်းထွန်စက် ၉၂စီး တန်ဖိုးငွေကျပ် ၁၀၀၂ ဒသမ ၈သိန်း၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်းမှလယ်ယာ(၂၂)လက်တွန်းထွန်စက်အစီး ၁၀၀ တန်ဖိုးငွေကျပ် သိန်း ၁၅၅၀၊ သမဝါယမဘဏ်လီမိတက်မှ လယ်ယာ(၂၂) လက်တွန်းထွန်စက်အစီး၂၀ တန်ဖိုးငွေကျပ် သိန်း ၃၁၀၊ ကေတုမတီ ကုမ္ပဏီလီမိတက်မှ လယ်ယာ(၂၂) လက်တွန်းထွန်စက် ငါးစီး တန်ဖိုးငွေကျပ် ၇၇ ဒသမ ၅သိန်း၊ စီးတီးဘဏ်မှ လယ်ယာ(၂၂)လက်တွန်းထွန်စက် ၁၀ စီး တန်ဖိုးငွေ ကျပ် ၁၅၅ သိန်းနှင့်ကိုင်ရီဆောက်လုပ်ရေးမှ လယ်ယာ(၂၂) လက်တွန်းထွန်စက် တစ်စီး တန်ဖိုးငွေကျပ် ၁၅ ဒသမ ၅ သိန်း စုစုပေါင်းလက်တွန်း ထွန်စက် ၆၈၇ စီး တန်ဖိုးငွေကျပ် ၈၁၁၄ ဒသမ ၉ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေတို့က လက်ခံယူကြပြီး ကျေးဇူးတင်စကား အသီးသီး ပြောကြားကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မေ ၂ ရက်နှင့် ၃ ရက်နေ့များတွင် တိုက်ခတ်ခဲ့သော လေမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဧရာဝတီတိုင်း၌ ခုနစ်မြို့နယ်၊ ရန်ကုန်တိုင်း၌ သုံးမြို့နယ်၊ ပဲခူးတိုင်း၌ နှစ်မြို့နယ်နှင့် မွန်ပြည်နယ်၌ သုံးမြို့နယ်တို့ရှိ စိုက်ဧက ၃ ဒသမ ၆ သန်းတွင် ဧက ၁ ဒသမ ၉ သန်း ရေလွှမ်းမိုးမှုခံရကာ ဧက ၁ ဒသမ ၃၇သန်း ရေငန်ဝင်ရောက်ခြင်း ခံခဲ့ရသည်။

### ရေငန်ဝင်ရောက်

ဧရာဝတီတိုင်း ခုနစ်မြို့နယ်တွင် လယ်မြေ၁၀၆၆၂၇၁ ဧက၊ ရန်ကုန်တိုင်း သုံးမြို့နယ်တွင် လယ်မြေ ၃၀၀၇၁၃ ဧက ရေငန်ဝင်ရောက်ခြင်းခံခဲ့ရသည်။

ယင်းသို့ ရေလွှမ်းမိုးမှုခံခဲ့ရသဖြင့် လယ်ယာ၊ လုပ်သားနှင့် ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ထွန်ယက်ရေးတွင် အားထားရသည့် လှည်း၊ ထွန်၊ ထယ်နှင့် ခိုင်းကျွဲ၊ ခိုင်းနွားများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဧရာဝတီတိုင်းတွင် ခိုင်းကျွဲ ၂၁၃၉၄၁ ကောင်ရှိရာ ၁၀၅၈၂၅ ကောင် သေဆုံးပြီး ခိုင်းနွား ၁၈၇၇၈၉ ကောင်ရှိရာ ၃၅၁၂၇ ကောင်သေဆုံးခဲ့ရသည်။ ရန်ကုန်တိုင်းတွင် ခိုင်းကျွဲ ၂၆၀၈၂၀ ရှိရာ ၁၁၁၄၂၀ ကောင် သေဆုံးပြီး ခိုင်းနွား ၃၈၄၈၁၈ ကောင်ရှိရာ ၃၇၁၀၂ ကောင်သေဆုံးခဲ့သည်။ ဧရာဝတီတိုင်းတွင် ၁၄၀၉၅၂ ကောင်နှင့်ရန်ကုန်တိုင်းတွင် ၁၄၇၅၂၂ ကောင် စုစုပေါင်း ၂၈၈၄၇၄ ကောင် သေဆုံးခဲ့သည်။

လယ်ယာလုပ်ငန်းအတွက် လိုအပ်လျက်ရှိသော ထွန်စက်၊ မျိုးနှင့် မြေဩဇာများရရှိရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိရာ လယ်မြေ ၁ ဒသမ ၃၆ သန်းအတွက် လက်တွန်းထွန်စက်တစ်စီးလျှင်ဧက ၁၀၀ နှုန်းဖြင့် အစီး ၁၃၆၀၀ လိုအပ်လျက်ရှိသည်။

### ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် လှူဒါန်းသည့် လက်တွန်းထွန်စက်များအနက်မှ ၅၅၁ စီးကို မော်တော်ယာဉ်များဖြင့် တင်ဆောင်၍ ဧရာဝတီတိုင်းအတွင်းရှိ ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့များသို့ ထွက်ခွာသွားကြရာ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါ မော်တော်ယာဉ်များနှင့်အတူ စက်မှုလယ်ယာဦးစီးဌာနမှ စက်မောင်းများ လိုက်ပါသွားပြီး လယ်မြေများကို ကူညီထွန်ယက်ပေးပြီး စက်မောင်းနှင်မှုနှင့်ထွန်ယက်မှုများကိုလည်း သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

# လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား FAO ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.He Chaung Chui နှင့် မြန်မာနိုင်ငံဆိုင်ရာ ယာယီဌာနေကိုယ်စားလှယ် Mr. Leon Gouns တို့သည် မေ ၂၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာနဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** လေမုန်တိုင်းသင့်သည့် ဒေသများတွင် လယ်ယာကဏ္ဍ ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ထူထောင်နိုင်ရန်အတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် မုန်တိုင်းဒဏ်သင့်သည့် ဧရိယာအတွင်းမှ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုလျော့နည်းကျဆင်းမှုကို ကာမိစေရန်အတွက် အခြားသောဒေသများတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်နိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပံ့ပိုးကူညီပေးမည့်လုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

## (မေ ၂၆ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်)

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ။** ။ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ နေ့အပူချိန်များ မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူအချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၃ ဒသမ ၉၇လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၇၀လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၃၅လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၄၂လက်မနှင့် နမ့်ဆန်မြို့တွင် ၀ ဒသမ ၉၀လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**၂၀၀၈ ခုနှစ် မေ ၂၇ရက်ညနေအထိ ခန့်မှန်းချက် ။** ။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။** ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။** ။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၇ရက်ညနေအထိ ခန့်မှန်းချက်။**
နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၇ရက်ညနေအထိ ခန့်မှန်းချက်။**
မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၇ရက်ညနေအထိ ခန့်မှန်းချက်။**
နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

### ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

| | | | |
|---|---|---|---|
| အမြင့်ဆုံးအပူချိန် | ၃၄ ဒသမ ၈ဒီဂရီစင်တီဂရိတ် | (၉၅ဒီဂရီဖာရင်ဟိုက်) | ၂၅-၅-၂၀၀၈ |
| အနိမ့်ဆုံးအပူချိန် | ၂၄ ဒသမ ၀ဒီဂရီစင်တီဂရိတ် | (၇၅ဒီဂရီဖာရင်ဟိုက်) | ၂၆-၅-၂၀၀၈ |
| ၀၉း၃၀နာရီအချိန် စိုထိုင်းဆ | ၈၄ ရာခိုင်နှုန်း | | ၂၆-၅-၂၀၀၈ |
| နေပူသည့်နာရီပေါင်း | ၁ ဒသမ ၄ နာရီခန့် | | ၂၅-၅-၂၀၀၈ |

### မိုးရေချိန်

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၆-၅-၂၀၀၈ | ၁ မမ (၀ဒသမ၀၄လက်မ) | မရှိပါ | Tr |
| ၁-၁-၂၀၀၈မှယနေ့အထိ | ၇၀၆ မမ(၂၇ ဒသမ ၈၀လက်မ) | ၈၁၃ မမ (၃၂ ဒသမ ၀၁လက်မ) | ၉၃၉ မမ(၃၆ဒသမ၉၇လက်မ) |

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၂၅ရက် မွန်းလွဲ ၂ နာရီခွဲတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၅မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် ဝိုင်ယာရှော့ခ်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် မေ ၂၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိမြန်မာသံရုံး၌ ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲခန့်တွင် မြန်မာသံရုံးပင်မနှစ်ထပ် အဆောက်အအုံအပေါ်ထပ် မျက်နှာကြက်ရှိ ဝိုင်ယာကြိုးမှ ဝိုင်ယာရှော့ခ်ဖြစ်ပွားခဲ့ပြီး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက မီးသတ်ကားများဖြင့် ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့မှုကြောင့် နံနက် ၈ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သံရုံးအပေါ်ထပ် အခန်းနှင့် ရုံးသုံးပစ္စည်းအချို့သာ မီးလောင်ဆုံးရှုံးခဲ့ပြီး ဝန်ထမ်းများနှင့် မိသားစုများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# မွှာရုံဆောက်လုပ်ရန် လှူဒါန်းနိုင်

ရန်ကုန် မေ ၂၆

ပဲခူးမြို့ ရွှေသာလျောင်းဘုရားကြီးအနီးရှိ ကြေးနီကန်ကျောင်းတိုက်အတွင်း နှစ် ၁၀၀ နီးပါး ဝိနည်းပြန်ဆိုရာ သစ်သားဓမ္မာရုံကြီးမှာ ပျက်စီးယိုယွင်းနေပါသဖြင့် အာရ်စီတိုင်တိုက်သစ်ဓမ္မာရုံကြီးအဖြစ် ဆောက်လုပ်လျက်ရှိရာ ပါဝင်လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင်ဆရာတော် ဦးတေဇိန္ဒ ဖုန်း-၀၅၂-၂၃၉၂၂ ကြေးနီကန်တိုက်ကြပ်ကျောင်းတိုက် ပဲခူးမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မေ ၂၆ရက်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးရုံး ဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms.Amupama Roo Singh လာရောက်တွေ့ဆုံစဉ်။ (ကျန်းမာရေး)

# မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း အမှိုက်များရှင်းလင်းနေမှု ကြည့်ရှုအားပေး

**ရန်ကုန် မေ ၂၆**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းတစ်လျှောက်နှင့် ရှင်စောပုလမ်းတစ်လျှောက်ရှိ သစ်ကိုင်းနှင့် အမှိုက်သရိုက်များကို လည်းကောင်း၊ ငါးထပ်ကြီးဘုရားလမ်း၌ မုန်တိုင်းဒဏ်ကြောင့် လဲပြိုနေသော သစ်ပင်ကြီးများ၊ သစ်ကိုင်းများနှင့် အမှိုက်သရိုက်များကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်းဝင်းအတွင်း လဲပြိုနေသောသစ်ပင်ကြီးများနှင့် အမှိုက်သရိုက်များကိုလည်းကောင်း တပ်မတော်သားများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက စက်ယန္တရား၊ အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဖြည့်ဆည်း**

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃)ရပ်ကွက် သခင်ဖိုးလှကြီးလမ်းရှိ အရိယာဝံသမ္မောရုံသို့ သွားရောက်၍ ရပ်မိရပ်ဖများနှင့် ရပ်ကွက်နေပြည်သူများအား တွေ့ဆုံ၍ ငမိုးရိပ်ရေပို့ပိုက်မကြီးမှ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ရရှိရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမအထူးအယူခံမှု (၆)မှု စီရင်ချက်ချမှတ်

**နေပြည်တော် မေ ၂၆**

တရားရုံးချုပ်(ရန်ကုန်)မှ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်၊ ဦးမြင့်သိန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု (၅)မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သောက်ရေသန့်များနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက် ရှိပါသည်။

၂။ ရန်ကုန်တိုင်းအတွင်းရှိ သောက်ရေသန့်စက်ရုံများသည် ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ပျက်စီးခြင်း ရှိ မရှိနှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်များ ထုတ်လုပ်နိုင်ခြင်း ရှိ မရှိကို ကျန်းမာရေးဦးစီးဌာနက စစ်ဆေးလျက်ရှိပါသည်။ စစ်ဆေးပြီးသောက်ရေသန့်လုပ်ငန်းများအနက် အောက်ဖော်ပြပါ သောက်ရေ သန့်လုပ်ငန်းများမှာ သောက်ရေ0efY သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။

| စဉ် | သောက်ရေသန့်လုပ်ငန်းအမည် | စဉ် | သောက်ရေသန့်လုပ်ငန်းအမည် |
|---|---|---|---|
| ၁။ | Sunflower သောက်ရေသန့် | ၉။ | နေလသောက်ရေသန့် |
| ၂။ | Zest သောက်ရေသန့် | ၁၀။ | Comet သောက်ရေသန့် |
| ၃။ | SIP သောက်ရေသန့် | ၁၁။ | Winner သောက်ရေသန့် |
| ၄။ | Nawarat သောက်ရေသန့် | ၁၂။ | PGS သောက်ရေသန့် |
| ၅။ | Great သောက်ရေသန့် | ၁၃။ | YOMA သောက်ရေသန့် |
| ၆။ | Fresh Water သောက်ရေသန့် | ၁၄။ | FIFA သောက်ရေသန့် |
| ၇။ | OSAKA သောက်ရေသန့် | ၁၅။ | Golden Cherry သောက်ရေသန့် |
| ၈။ | Star $H_2O$ သောက်ရေသန့် | ၁၆။ | နေမင်းသောက်ရေသန့် |

၃။ သို့ပါ၍ သောက်ရေသန့်လုပ်ငန်းများသည် သောက်ရေသန့် သတ်မှတ်ချက်နှင့်ကိုက်ညီကြောင်း ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါရန် အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

## တရုတ်၌အင်အားရစ်ချ်တာစကေး ၆ဒသမ၄ ရှိငလျင်လှုပ် နှစ်ဦးသေဆုံးပြီး ၂၆၀ ကျော်ဒဏ်ရာရရှိခဲ့

**ချန်ဒူ မေ ၂၆**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် မေ ၂၅ရက် မွန်းလွဲပိုင်းက ထပ်မံလှုပ်ခဲ့သည့် ငလျင်မှာ ကနဦးသတင်းအရ အင်အားရစ်ချ်တာစကေး ၅ဒသမ၈ဟု အင်တာနက်သတင်း၌ ဖော်ပြခဲ့သော်လည်း မေ ၂၆ရက်၌ ဆင်ဟွာသတင်းဌာနက ထုတ်ပြန်သောသတင်းအရ အင်အားရစ်ချ်တာစကေးမှာ ၆ဒသမ၄ရှိကြောင်း သိရသည်။

**ဦးစားပေးလုပ်ဆောင်**

အဆိုပါငလျင်သည် ရှန်စီပြည်နယ်၊ ဂန်စုပြည်နယ်နှင့် စီချွမ်ပြည်နယ် နယ်စပ်ဒေသများအပါအဝင် စီချွမ်ပြည်နယ်အတွင်း နေရာဒေသများ၌ လှုပ်သွားခဲ့ခြင်းဖြစ်သည်။ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၆၀ ခန့်ရှိပြီး သေဆုံးသူ နှစ်ဦးဖြစ်သည်။ တရုတ်အစိုးရက ငလျင်ထပ်မံလှုပ်သည့် ဒေသသို့သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ မေ ၁၂ ရက်က လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူဦးရေမှာ ၉၀၀၀၀ကျော်ရှိနေပြီး နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ အကူအညီဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



## အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်ဖီးနစ် ဂြိုဟ်မျက်နှာပြင်တွင် ရေရှိမရှိရှာဖွေနေ

**နာဆာ မေ ၂၆**

အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်ဖြစ်သည့် ဖီးနစ်သည် အာကာသအတွင်း ရက်ပေါင်း ၂၉၅ရက် ပျံသန်းခဲ့ပြီးနောက်မှ မေ ၂၄ရက်က အင်္ဂါဂြိုဟ်မျက်နှာပြင်၏ မြောက်ဘက်စွန်းနေရာသို့ ဆင်းသက်ခဲ့သည်။**(အပေါ်ပုံ)**

**စစ်ဆေးမှုများ**

အင်္ဂါဂြိုဟ်တွင် ရေရှိမရှိနှင့် သက်ရှိများနေထိုင်ခြင်း ရှိမရှိကို ဖီးနစ်အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်က စူးစမ်းလေ့လာသွားမည်ဖြစ်ရာ ယခုအခါ အင်္ဂါဂြိုဟ်မျက်နှာပြင်၌ ပေ ၃၀၀ အကွာအဝေးအထိ ဖြည်းဖြည်းချင်းသွားကာ အနုစိတ်လေ့လာနေပြီဖြစ်သည်။ ဖီးနစ်အင်္ဂါဂြိုဟ် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်၏ အချို့နေရာများ၌ တူးဆွစစ်ဆေးမှုများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

## မော်ရင်ဟို အင်တာမီလန်နည်းပြအဖြစ် စာချုပ်ပြီ

**မီလန် မေ ၂၆**

ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုသည် အီတလီ စီးရီးအေကလပ် အင်တာမီလန်အသင်း၏ နည်းပြအဖြစ် သုံးနှစ်စာချုပ် တစ်ရပ်ကို မေ ၂၆ရက်က သဘောတူ စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

**တိုက်တွန်းထား**

မော်ရင်ဟိုသည် အင်တာမီလန် နည်းပြအဖြစ် တစ်နှစ်လုပ်ခလစာ ယူရိုကိုးသန်း ရရှိမည်ဖြစ်သည်။ မော်ရင်ဟိုအနေဖြင့် ကွင်းလယ်ကစားသမားများဖြစ်သော ဒေကိုနှင့် ဖရန့်လမ်းပတ်တို့ကို ဝယ်ယူရန် အင်တာမီလန်ကလပ်ကို တိုက်တွန်းထားသည်။

မော်ရင်ဟိုအား အင်တာမီလန်အသင်းနည်းပြ တာဝန်ယူပေးရန် ပြီးခဲ့သည့်မတ်လကတည်းက အင်တာမီလန်အသင်းပိုင်ရှင် မိုရက်တီက ကမ်းလှမ်းခဲ့သော်လည်း မော်ရင်ဟိုက တရားဝင်စာချုပ်ကို မေ၂၆ရက်မှသာ ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်၊ အလှူရှင်များက လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ နေ့စဉ်ပေးပို့ လှူဒါန်းလျက်ရှိ

ရန်ကုန် မေ ၂၆

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် လေဘေးသင့်ပြည်သူများအတွက် တပ်မတော်မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများကို နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိရာ မေ၁၂ရက် မွန်းလွဲ ၁နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပသည်။**

နေ့စဉ် စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရာဌာနသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ မေ ၁၄ရက်အထိ လှူဒါန်းကြသူများမှာ တောင်ကြီးမြို့ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ဒေါ်နန်းသန်းထွေး မိသားစုက ငွေကျပ်သိန်း ၃၀၀၀နှင့် ငွေကျပ်၈၄၄သိန်း တန်ဖိုးရှိ အာလူးပိသာချိန် ၁၁၁၀၀၀နှင့် ကြက်ဥ အလုံးပေါင်း ခြောက်သိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့မိသားစုများကငွေကျပ် ၁၅၀၃၀၀၀၀၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၁၀၀၊ ရှမ်းပြည်နယ် ကုန်သည်ကြီးများနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းအေးက ကျပ်သိန်း၁၀၀၊ ဆီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးစိန်မောင်က ကျပ် ၃၂သိန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ငွေကျပ် ၂၆၀၄၂၀၀၊ ဦးအောင်ကျော်မြင့် (ဆွိုတီဟုမ်းကုမ္ပဏီ)က ငွေကျပ်၂၅သိန်း၊ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်သိန်း၂၀နှင့် ဆေးဝါးပစ္စည်းမျိုးစုံ၊ အေးသာယာစက်မှုဇုန်က ငွေကျပ်သိန်း ၂၀၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းက ငွေကျပ် သိန်း၂၀၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ သံလွင်တောင်တန်းကုမ္ပဏီ ဦးအေးကျော် (AK ရောင်းဝယ်ရေး)၊ ဦးစိုးသိန်း (တိုးနယားအရက်ချက် စက်ရုံ)၊ ဦးအောင်နိုင်-ဒေါ်ကြည် (သာမည ကုန်စည်ပို့ဆောင်ရေး၊ လွိုင်ခုံ ကုမ္ပဏီ)၊ ဦးအောင်လင်း (အောင်မြတ် ကုမ္ပဏီ)၊ ကိုထွန်းဝင်း (ရွှေမြင်းပျံ အရက်ချက်လုပ်ငန်း) တို့က ငွေကျပ် ၁၀သိန်းစီ၊ ဆေးကုန်သည်များအသင်းက ငွေကျပ် ခုနစ်သိန်း၊နယ်စားဖိနပ်ဆိုင်ကငွေကျပ်ခြောက်သိန်း၊ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဦးကျော်ကျော်မြင့်၊ ဒေါ်နန်းသီတာ၊ ဦးကျော်ဦး၊ ဒေါ်သန်းဝေ (တံ့ဟွာ စက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးကျော်နိုင်၊ ဒေါ်ကြင်ထွေး(ဖက်ရှင်စတိုးဆိုင်)၊ ဦးပိုင်ကုမ္ပဏီ၊ MEC၊ လေးပွင့်ကြယ်ကုမ္ပဏီ၊ ကိုမောင်စိန် (ပါဝါစက်ရုံ)၊ ချစ်ကမ္ဘာ(မွေ့ရာဆိုင်)၊ ဦးစိုင်းအောင်မြင့်၊ ဒေါ်ရွှေမိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဆီဆိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၃၅၇၀၀၀၊ ဦးမောင်မောင်ညွန့် (ဂိုးလ်ဒင်းမွန်းကုမ္ပဏီ)၊ဦးသောင်းစိန်(ညွှန်ကြားရေးမှူး) ပြည်နယ်စည်ပင်မိသားစု၊ ဦးမြင့်သိန်း (ညွှန်ကြားရေးမှူး) ဆည်မြောင်းဦးစီးဌာန၊ မအိမ့်ဖူးခိုင်(မြို့မဈေး)၊ ဦးစိုင်းထွန်းမြ (လွိုင်လင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၊ တော်ဝင်ဖိနပ်ဆိုင်၊ ဟုန်ပန်းကုမ္ပဏီ၊ ငြိမ်းချမ်းတောင်တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးထွန်းအောင်ကျော်နှင့်တပည့်များက ငွေကျပ် ၂၆၀၀၀၀၊ ဦးတင့်ဆွေ၊ ဒေါ်ရွှေသိန်း (အထည်ဆိုင်) နှင့် ဦးကျော်ဦး၊ ဒေါ်ရင်ရင် (လင်းရောင်ခြည်)တို့ကငွေကျပ်၂၅၀၀၀၀၊ ဆီဆိုင်မြို့နယ်က ငွေကျပ် ၂၃၈၀၀၀၊ ဦးတင်မောင်၊ ဒေါ်နန်း (စက်ဘီးကမ္ဘာ)၊ ဦးထွန်းလှမိသားစု၊ ဦးတင်မောင်ဌေး (မြို့မရပ်)၊ အောင်ဖြိုး မိုင်းရှူးကုမ္ပဏီ၊ ပန်းခါးကြယ်ပွင့်ကုမ္ပဏီ၊ မြယမုံကုမ္ပဏီ၊ ရွှေမြင်းကုမ္ပဏီ၊ ဖလ-၃၀၃၊ တိန်ကျမ်းစတုန်း၊ ကိုနေဇော် (N0 1 ဝေဖာ)နှင့်ပလတ်စတစ်လုပ်သားများ၊ ဦးရွှေမောင်(ဆီဆိုင်)၊ တောင်ကြီးခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးကျော်သန်းမိသားစု (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ဦးစိုင်းဘသန်း၊ဒေါ်ခေါ်ကူ (ရေအေးကွင်း)တို့ကငွေကျပ်နှစ်သိန်းစီ (ဦးဇော်မင်းသိန်း၊ ဒေါ်နန်းစံလျှမ်း (ငွေစံအိမ် ရိုးရာအထည်ဆိုင်) နှင့် ဒေါ်မြင့်မြင့်သန်းတို့က ကျပ်နှစ်သိန်းတန်ဖိုးရှိ ခြုံစောင်၂၀၊ အမှတ်(၃)၊ (၄)၊(၅) ယာဉ်ငယ်လိုင်း၊ ဦးသွင်လေး၊ ဒေါ်မေရီသန်း သားမောင်ဝိုင်မင်းသန်းမိသားစု၊ ဦးစိုင်းခမ်းနွတ်၊ ဒေါ်မိုမိုသီတာတို့က ငွေကျပ် ၁၅၀၀၀၀၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်ကငွေကျပ် ၁၃၀၀၀၀နှင့် ငွေကျပ်တစ်သိန်းတိတိ ဖြစ်ပြီး အလှူရှင်ပေါင်း ၇၃ဦးတို့အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်တာဝန်ရှိသူများကဂုဏ်ပြုမှတ်တမ်းများချီးမြှင့်ကြသည်။ မေ၁၅ရက်အထိ စေတနာရှင်၊အလှူရှင်များထံမှ လှူဒါန်းငွေစုစုပေါင်းမှာ၆၅၇၄၂၅၂၇၉ ကျပ် ရရှိကြောင်းသိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) လေဘေးသင့်သူများအား သွားရောက်ကူညီ

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်သို့ အသင်းဥက္ကဋ္ဌပါမောက္ခဦးသိန်းထွဋ်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာဌေးမြင့်ဦးတို့ ဦးဆောင်သောအဖွဲ့သည် မေ ၂၅ရက်က သွားရောက်ကြပြီး လေဘေးသင့်သူများအား ကူညီထောက်ပံ့ခဲ့ကြသည်။ **(အပေါ်ပုံ)**

**ကူညီလှူဒါန်း**

ရန်ကုန်တိုင်း သွားဘက်ဆိုင်ရာဆရာဝန်အသင်းမှ အမှုဆောင်များအပါအဝင် အဖွဲ့ဝင်အင်အား ၃၀ခန့်ရှိသော အဆိုပါအဖွဲ့သည် ပထမဦးစွာ ကွမ်းခြံကုန်း ပြည်သူ့ဆေးရုံသို့ ဝင်ရောက်ကြပြီး အသင်း ဥက္ကဋ္ဌ ပါမောက္ခဦးသိန်းထွဋ်က ကွမ်းခြံကုန်း လေဘေးကယ်ဆယ်ရေး အဖွဲ့နှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ဝင်ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ စောကလျာအား ဆေးနှင့် ဆေးပစ္စည်း ကျပ်၁၂သိန်းဖိုးခန့် လှူဒါန်းခဲ့ပြီး ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကမာကလွန်း၊ တောကျောင်း၊ ပန်းကလိတ်နှင့် တော်ခရမ်းလေးရွာများရှိ အိမ်ထောင်စု ၇၀၀၊ လူဦးရေ ၃၅၀၀ခန့်ကို အဝတ်အထည်၊ ဆေးဝါး၊ အစားအစာ၊ ဆန်၊ ရေသန့်နှင့်သွားတိုက်ဆေး၊သွားပွတ်တံ တန်ဖိုးကျပ်သိန်း၃၀နှင့် ငွေသား ကျပ် ၃၃သိန်းဖိုးခန့် ကိုယ်တိုင် ကိုယ်ကျ သွားရောက်ကူညီ လှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

## မြန်မာ့ အင်တာနက်ကျန်းမာရေး

### သစ်ကြားသီးစားခြင်းဖြင့် အဆစ်အမြစ်ရောင်ရောဂါ ကာကွယ်နိုင်

သစ်ကြားသီးမှာ အခွံမာ အမျိုးအစားဖြစ်သည်။ အရသာမှာ ဆိမ့်ပြီး အနည်းငယ်ဖန်သည်။သစ်သီးများ၌အိုမီဂါ-၃ ဖက်တီးအက်စစ် အကြွယ်ဝဆုံး အသီးပင် ဖြစ်သည်။

**ပါဝင်သောဓာတ်များ**

သစ်ကြားသီးတွင် ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ ဖော့စပရပ်စ်၊ ပိုတက်ဆီယမ်၊ ပရိုတိန်း၊ ကယ်လိုရီနှင့် ကာဗိုဟိုက်ဒရိတ်တို့ ပါဝင်သည်။ အများဆုံးပါဝင်သည့် ဓာတ်များမှာ ဖော့စပရပ်စ်၊ ပိုတက်ဆီယမ်၊ ကယ်လိုရီနှင့် အိုမီဂါ-၃ ဖက်တီးအက်စစ်တို့ ဖြစ်သည်။

**သန်မာစေ**

သစ်ကြားသီးတွင်ပါဝင်သော ဓာတ်ပေါင်းသည် ခန္ဓာကိုယ်အတွင်း ကင်ဆာဆဲလ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။ ထို့အပြင် ခန္ဓာကိုယ်အတွင်းရှိ ကြွက်သားများကိုလည်း သန်မာစေသည်။

**ကာကွယ်နိုင်**

သစ်ကြားသီးကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် သင့်တင့်မျှတစွာ စားသုံးသွားပါက ပန်းနာရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါနှင့် ကိုယ်အရေပြားပေါ်တွင် ဖြစ်ပွားတတ်သော ဝဲနှင်းခူအနာများ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

**ထောက်ကူ**

ထို့အပြင် သစ်ကြားသီးကို စားသုံးခြင်းသည် ခန္ဓာကိုယ်တွင်း ဇီဝပြောင်းလဲမှုဖြစ်စဉ်များဖြစ်သည့် အစာချေဖျက်မှု၊ ဆီးနှင့်ဝမ်း ပုံမှန်ဖြစ်စေမှုနှင့် သွေးလည်ပတ်စီးဆင်းမှုတို့ကိုလည်း အထောက်အကူပြုသည်ဟု သိရသည်။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြပွဲပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မေ ၂၆

**၂၀၀၈ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထု၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများကို ရန်ကုန်တိုင်းအတွင်း ရန်ကုန်တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှဦးစီး၍ ကျင်းပမည်ဖြစ်သည်။**

ကွန်ပျူတာပန်းချီပြိုင်ပွဲ

**ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် မူလတန်းအဆင့် (၃၊ ၄)တန်း (G4,G5)၊ အလယ်တန်းအဆင့် (၅၊၆၊၇၊၈)တန်း (G6,G7,G8,G9) နှင့် အထက်တန်းအဆင့် (၉၊၁၀)တန်း (G10,G11) အပါအဝင် အသက် ၁၅နှစ်မှ ၂၅နှစ်အထိ ယှဉ်ပြိုင်ခွင့်ပြုထားပြီး ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် (၅၊၆၊၇)တန်း (G6,G7,G8)၊ အထက်တန်းအဆင့် (၈၊၉၊၁၀)တန်း (G9,G10,G11) ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် အသက် ၁၅နှစ်နှင့်အထက် မည်သူမဆို ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။**

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ

**မေ ၂၈ရက် နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ ကာတွန်းပြိုင်ပွဲ၊ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ပန်းချီပြိုင်ပွဲတို့ကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မေ၂၉ရက် နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ပိုစတာပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။**

ကွန်ပျူတာပိုစတာပြိုင်ပွဲ

**မေ ၂၉ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ကွန်ပျူတာပိုစတာပြိုင်ပွဲကို လှိုင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံများကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး မြေညီထပ်ရှိ မှုခင်းမဂ္ဂဇင်းဌာနစုရုံးခန်းတွင် ဆက်လက်ထုတ်ပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံများ လာရောက်မထုတ်ယူနိုင်သူ၊ ပညာအရည်အချင်းအလိုက် စိတ်ပါဝင်စားသူ ကျောင်းသား၊ ကျောင်းသူများ ပြိုင်ပွဲကျင်းပမည့်အချိန်အထိ ကျင်းပမည့်နေရာသို့ လာရောက်ဆက်သွယ်၍ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ထပ်မံသိရှိရသည်။** (မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၅-၂၀၀၈ ရက် (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၃၀ ၆။ International News
၉:၀၀ ၇။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ တေးဂီတအစီအစဉ်
၄:၃၀ ၃။ နှောင်းခေတ်တေးပဒေသာ
၄:၄၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၃၀ ၇။ မိုးလေဝသအခြေအနေ
၆:၃၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀ ၉။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၀ ၁၀။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအပြီး မြန်မာအစိုးရ၏ ကယ်ဆယ် ကူညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုများ
၇:၂၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်-ချစ်တယ်** (အပိုင်း-၂၃) (ဇာတ်သိမ်းပိုင်း)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအပြီး မြန်မာအစိုးရ၏ ကယ်ဆယ် ကူညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုများ
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ မြန်မာဗီဒီယိုဇာတ်လမ်း **စံပျော်ရစ်စေ** (အပိုင်း-၂) လူမင်း၊ သူထူးစံ၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ဟိန်းစိုး)
၁၇။ အစီအစဉ်ပြီး၏။

# နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံ ပါလီမန်နိုင်ငံခြားရေးရာ အတွင်းဝန်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၆

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား ရန်ကုန်မြို့၌ကျင်းပသည့် ကုလသမဂ္ဂနှင့်အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့်ညီလာခံသို့ တက်ရောက်ခဲ့သော ဂျပန်နိုင်ငံ ပါလီမန် နိုင်ငံခြားရေးရာအတွင်းဝန် မစ္စတာအိုစာမုအူနိုနှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

**တွေ့ဆုံ**

ယင်းသို့ တွေ့ဆုံရာတွင် လေမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံက ကယ်ဆယ်ရေးနှင့်ကျွမ်းကျင်မှု အကူအညီများ ဆက်လက်ပေးအပ်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဖေသန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံအမတ်ကြီး မစ္စတာယာဆူအာခီ နိုဂဝါတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၂၆

ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Dr. Arnelz Rivera ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် C-130 လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။

**ကြိုဆို**

အဆိုပါ ဆေးအကာအကွယ်ပေးရေးအဖွဲ့နှင့်အတူ ရေသန့်များ၊ အစားအစာများ၊ စောင်များ၊ ဆေးနှင့်ဆက်စပ်ပစ္စည်းများ၊ အဝတ်အထည်များ၊ ပလတ်စတစ်စများ စုစုပေါင်း ၉ ဒသမ ၁၇၆ တန်ပါရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၆

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက် ပေးပို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၃သိန်းတန်ဖိုးရှိ အဝတ်အထည် မျိုးစုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၅၇၆၆၀၀ နှင့် ငွေကျပ် ၅၇၀၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင် ပြည်သူများက ငွေကျပ် ၁၀၀၂၀၀၀ နှင့် ငွေကျပ် ၅၀၇၄၉၇၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၂၉၀၀၅၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံ၊ စစ်ကိုင်းတိုင်းမှ တပ်မတော်သားမိသားစုနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၁၅၅၀၀၀၀၊ မန္တလေးတိုင်းမှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၃၈၈၅၀၀၀ တန်ဖိုးရှိ စားသောက်ပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံတို့ကို ပေးအပ် လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၈၆၅၄၀၀၀ အပါအဝင် ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၇၄၅၇၇၃၅၀ ဖြစ်ပြီး မေ ၂၆ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၉၆၆၁၀၃၀၃၁၉ ကျပ် ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၆

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ မလေးရှားနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့ (IFRC) မှ ဂိုဒေါင်ဆောက်ရန် ဆက်စပ်ပစ္စည်းများ၊ တာပေါ်လင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မိုးကာတဲများ တာပေါ်လင်များ စုစုပေါင်း၃၇ ဒသမ ၇၈ တန်သည် IL-76 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၅မိနစ်တွင်လည်းကောင်း၊ မလေးရှားနိုင်ငံ ကြက်ခြေနီအဖွဲ့မှ လူသုံးအဆောင်ပစ္စည်းများ ၁၅၆ ပါကင်သည် MH-740 လေယာဉ်ဖြင့် နံနက် ၁၁နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) မှ အားဖြည့်ခေါက်ဆွဲ စုစုပေါင်း ၃၉ ဒသမ ၆၂၉ တန်သည် IL-76 လေယာဉ်ဖြင့် ယနေ့နံနက် ၈နာရီ ၂၅မိနစ်တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ တိရစ္ဆာန်အစားအစာများ၊ ပလတ်စတစ်များ၊ တာပေါ်လင်များ၊ ရေဘူးခွံများ၊ အသက်ကယ်လှေများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ရေသန့်စက်များ စုစုပေါင်း ၄၄ ဒသမ ၈တန်သည် C-130 လေယာဉ် ငါးစင်းဖြင့် နံနက် ၈နာရီ ၅၅မိနစ်၊ နံနက် ၁၀နာရီ ၁၀မိနစ်၊ ၁၀နာရီ ၅၅မိနစ်၊ မွန်းလွဲ ၁နာရီ ၃၄မိနစ်နှင့် မွန်းလွဲ ၂နာရီ ၄၅မိနစ်တို့တွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့မှ လူ့အသုံးအဆောင်ပစ္စည်းများ ၃၇ ပါကင်သည် TG-303 လေယာဉ်ဖြင့် နံနက် ၈နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ လူ့အသုံးအဆောင်ပစ္စည်းများ ကိုးပါကင်သည် TG- 303 လေယာဉ်ဖြင့် နံနက် ၈နာရီ မိနစ်၄၀တွင်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံရှိ မြန်မာသံရုံးမှ ဆေးဝါးနှင့် အစားအစာမျိုးစုံ အထုပ် ၃၀ သည် 3K-585 ဖြင့် နံနက် ၉နာရီ ၃၅မိနစ်တွင်လည်းကောင်း Baiyoke Hotel Group မှ အဝတ်အထည် ၂၃ပါကင်သည် 8M -332 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၄၈ မိနစ်တွင်လည်းကောင်း၊ ယူအေအီးနိုင်ငံ ဒူဘိုင်းလ်အခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ပလတ်စတစ်လိပ်များ၊ စောင်များ၊ ဆေးဝါးများ၊ ခြောက် ၂၃ဒသမ၆၄ တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၁နာရီခွဲတွင်လည်းကောင်း၊ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှ ရေသန့်ဆေးပြား၁၄ထုပ်သည် PG-701 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီမိနစ် ၂၀တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ ပလတ်စတစ်လိပ် ၉၀၀ စုစုပေါင်း ၃၈ဒသမ၉ တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ အိမ်သာဆောက်ရန် ပစ္စည်းများ စုစုပေါင်း ၁၃ ဒသမ ၆၁တန်သည် DC-8 လေယာဉ်ဖြင့် ညနေ ၄နာရီ ၅မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

**ချက်ချင်းဖြန့်ဝေ**

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် မလေးရှားနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ (IFRC) မှထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိစဉ်။** (သတင်းစဉ်)

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

၁။ ရာသီဥတုဒဏ်ခံနိုင်သည့် အမိုးအကာအောက်တွင် နေထိုင်ကြရန်၊
၂။ အအေးမမိစေရန် နွေးထွေးသောအဝတ်များကို ဝတ်ဆင်နေထိုင်ကြရန်၊
၃။ ရေကိုကျိုချက်သောက်ရန်(သို့မဟုတ်)ကလိုရင်းဆေးခတ်ထားသောရေကိုသာသောက်သုံးရန်၊
၄။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
၅။ သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့် အစာများကိုသာ စားသုံးကြရန်၊
၆။ အတတ်နိုင်ဆုံးသန့်ရှင်းသောယင်လုံအိမ်သာကို သုံးစွဲကြရန်၊
၇။ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မိလ္လာနှင့်အမှိုက်သရိုက်၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊
၈။ ထိခိုက်မှုအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုဆောင်ရွက်ကြရန်၊
၉။ ရေကြီးပါက မြွေအန္တရာယ်တွေ့ကြုံရတတ်သဖြင့် သတိပြုကြရန်၊
၁၀။ ခြင်ကိုက်မခံရအောင် သတိပြုနေထိုင်ကြရန်၊
၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးကြရန်၊
၁၂။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးသည့်အခါ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးကိုက်အန္တရာယ်၊ ထိခိုက်မှုအန္တရာယ်နှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ ဖြစ်ပွားပါက အနီးဆုံး ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# လေဘေးသင့်ပြည်သူများအတွက် ငွေများလှူဒါန်းလျက်ရှိ

ရန်ကုန် မေ ၂၆

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

## လှူဒါန်းမှု

အဆိုပါ အလှူရှင်များမှာ ဦးအောင်ကြည်နှင့် ဒေါ်မိမိသန်း၊ သမီး နိုင်နိုင်ကျော်နှင့် ဦးအောင်နိုင်ထွန်းနှင့် ဒေါ်မေသန်းထွေးတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးဘတင်နှင့် ဒေါ်စန်းတင်မိသားစုက ငွေကျပ် ၁၀၇၀၀၀၊မိဘများအား အမှူးထား၍ ဦးနေစိုးနှင့် ဒေါ်စပယ်မြိုင်၊ ဦးတင်ထွဋ်နှင့် ဒေါ်သိမ့်သိမ့်စိုးမိသားစုတို့က ငွေကျပ် ၁၀သိန်း၊ ဦးသန်းဖေနှင့် ဒေါ်မမကြီးတို့က ငွေကျပ် ၃၁၀၀၀၊ Mr. Soo Liang Yin (Taiwan) က ငွေကျပ် ငါးသိန်း၊ Mr. Peng He Ruci Lian (Taiwan) နှင့် Mr. Luo Lujie (Taiwan) တို့က ငွေကျပ် တစ်သိန်းစီ၊ Huang Lung Po (Taiwan), Yu Chu Yun (Taiwan) နှင့် ဦးသိန်းစိုးနှင့် ဒေါ်မေခိုင်တင် မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးထွန်းအေးနှင့် ဒေါ်ရီရီဝင်း၊ သမီး အေးငြိမ်းမွန်မွန်နှင့် ဦးစိန်ရွှေမောင်နှင့် ဒေါ်လှနုစိန်တို့က ငွေကျပ်တစ်သောင်းစီ၊ ဦးဦးကျော်စိုးနှင့် ဒေါ်မိုးဇာဇာမိသားစုက ငွေကျပ် ၁၅၀၀၀၊ မြန်မာနိုင်ငံ မူးယစ် ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်း၊ သံအမတ်ကြီး(ငြိမ်း)၊ ရဲချုပ်(ငြိမ်း) ခေါင်းဆောင်သော ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့က ငွေကျပ် ၈၈၁၀၀၀၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ် ၃၈၅၀၀၀၀၊ ဦးသိန်းဟန်နှင့် ဒေါ်သိန်းတင်မိသားစုက ငွေကျပ် တစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီးရန်နိုင်နှင့်ဒေါ်ဝင်းဝင်းတိုး၊ သား ဒေါက်တာစိုးထက်၊ သမီး ရွှန်းလဲ့ရည်၊ မြေး သံသာထက်တို့က ငွေကျပ် သုံးသိန်း၊ ပျဉ်းမနား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၂၆၉၇၂၀၀၀၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၅၀၁၀၀၀၀၊ (ဗိုလ်မှူးကြီးမောင်ပျို) နှင့် ဒေါ်တင်လှမိသားစုက ငွေကျပ်ငါးသောင်း၊ မိဘများအားအမှူးထား၍ ဦးမြင့်ဦးနှင့် ဒေါ်စပယ်အေး၊ သမီး ဖူးဖူးကြည်သာမိသားစုက ငွေကျပ် တစ်သိန်း၊ ဦးခင်မောင်ဆယ် (ဦးဆောင်ညွှန်ကြားရေးမှူး) နှင့် ဒေါ်ဌေးဌေးသန်း(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) တို့က ငွေကျပ် ၁၅၀၀၀၀ နှင့် ဦးကျော်လင်း (ဒုတိယဥက္ကဋ္ဌ၊ သမဝါယမဘဏ် လီမိတက်)က ငွေကျပ်၁၀သိန်းတို့ ဖြစ်သည်။

## စုစုပေါင်း

ယနေ့တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၅၀၆၂၆၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား UNFPA မှ ကိုယ်စားလှယ် လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၆

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၃နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

● *ကျောဖုံးမှ*

## လှည့်လည်ကြည့်ရှု

ထို့နောက် စစ်ရေးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးပြီး ဒေးဒရဲမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် သွပ်များလှူဒါန်း

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အလှူရှင်များက လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် ငွေကျပ် ၁၆၁၇၀၀၀ တန်ဖိုးရှိ သွပ်အချပ် ၃၃၀ကို ယနေ့မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကိုယ်စား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ရန်ကုန်မြို့ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက် ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၆

၂၀၀၈ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) က ကြီးမှူးပြီး ပထမအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကျပန်းစကားပြောပြိုင်ပွဲကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဇွန် ၂၂ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၆) အောင်ကျော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ (သက်ကြီးတန်း) အသက် ၁၇နှစ်မှ ၂၅နှစ်အထိနှင့် သက်လတ်တန်း ၁၄ နှစ်မှ ၁၆နှစ်အထိ လူငယ်များ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

## အကြိုပြိုင်ပွဲ

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲ မြန်မာဘာသာဖြင့် အကြိုယှဉ်ပြိုင်ခြင်းကို ဇွန်၁၉ရက်တွင်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် အကြိုယှဉ်ပြိုင်ခြင်းကို ဇွန် ၂၁ရက်တွင်လည်းကောင်း ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း သင်တန်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

## ပူးတွဲပေးပို့

ပြိုင်ပွဲလျှောက်လွှာများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း မြိုင်ဟေဝန်အိမ်ရာစခန်း တိုက်အမှတ် (၃) အခန်း (၁၀၁/၁၀၂) ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရုံးချုပ်)နှင့် ရန်ကင်းမြို့နယ် ပညာ့ဝတီအဆင့်မြင့်အိမ်ရာအဆောက်အအုံ အမှတ်(အေ) အခန်း (၄၀၄)ရှိ MANA (UNICEF Project ရုံး) ဖုန်း-၅၅၀၄၆၆သို့ ဇွန် ၁၂ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ နောက်ဆုံးထားပေးပို့ကြရမည်ဖြစ်ရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်ဖြစ်ပါက အသင်းဝင်အမှတ်ဖော်ပြ၍လည်းကောင်း၊ အသင်းမဝင်ရသေးသူများအနေဖြင့် အသင်းဝင်လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်မှ စေတနာရှင်ပြည်သူများက ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်လှူဒါန်း

ရန်ကုန် မေ ၂၆

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် တပ်မတော်သားမိသားစုများက ငွေကျပ် သိန်း ၃၆၀၊ ငွေကျပ် ၃၉၇၉၂၇၆၅ ကျပ်တန်ဖိုးရှိ လူသုံးကုန်များနှင့် စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများ၊ ရေငန်ခံမျိုးစပါး ၁၂၀၁၃ ဒသမ ၅ တင်း၊ ခိုင်းနွားအကောင် ၆၀နှင့် ဝါးအလုံး ၅၉၀၀၀တို့ကို မေ ၂၁ရက်အထိ ရေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်ထံ လေဘေးသင့်ပြည်သူများအတွက် မြန်မာတယ်လီပို့မှ ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

# လေဘေးသင့် ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၆

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မေ၂၅ရက်တွင် ရန်ကုန်မြို့ ဟံသာဝတီဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း အဆောက်အအုံနှင့် မြေနေရာချထားရေး အစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားကြသည်။**

## မှာကြား

ဆက်လက်၍ ရတနာပုံမြို့သစ်တည်ဆောက်ရေးမန်နေဂျာက ရတနာပုံမြို့သစ် စီမံကိန်း မြေနေရာချထားရေးကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအသီးသီးက ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးများက လိုအပ်သည်များကို မှာကြားပြီး သတ်မှတ်ချိန်အတွင်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ကြရန် မှာကြားသည်။

## လက်ခံ

ထို့နောက် လေဘေးသင့်ဒေသများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငွေကျပ်သိန်း၁၀၀၊ မြန်မာတယ်လီပို့က ငွေကျပ် သိန်း၁၀၀၀၊ Myanmar Info-Tech မှ ငွေကျပ်သိန်း၁၀၀၊ တာမိုးညဲချမ်းသာ ထွန်းဝေသာ ကုမ္ပဏီမှ ငွေကျပ် သိန်း၁၀၀၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ငွေကျပ်သိန်း၅၀၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း၅၀၊ ကွန်ပျူတာ ကုမ္ပဏီများက ငွေကျပ်၃၅သိန်း၊ ကွန်ပျူတာ ပညာရှင်များအသင်းက ငွေကျပ်၁၀သိန်း၊ရတနာပုံCyber Corportation မှ ငွေကျပ်၁၀သိန်း၊ ZTE Co.,Ltd. မှ Telecom Equipment များအတွက် အမေရိကန်ဒေါ်လာ ၃ဒသမ ၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ တန်ဖိုးရှိ စောင်များ၊ Fisca Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ တန်ဖိုးရှိသော Emergency Car Mobile SCDMA System၊ Alcaltel Shanghai Bell Co., Ltd. မှ အမေရိကန်ဒေါ်လာ ၉၃၀၀၀တန်ဖိုးရှိ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ၊ Sum Moon International Pte.,Ltd. က အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိသော ဆက်သွယ်ရေး စက်ပစ္စည်းများ၊ IPTel Co., က အမေရိကန်ဒေါ်လာ ၆၀၀၀၀တန်ဖိုးရှိ ဆက်သွယ်ရေးစက်ပစ္စည်းများ စုစုပေါင်းငွေကျပ် ၁၄၅၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၃ဒသမ၇၁၃သန်းတန်ဖိုးရှိပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးများက လက်ခံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းဆိုင်ရာများ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ၂၅ရက်တွင် တာဝန်ရှိသူများ လိုက်ပါလျက် ဒဂုံမြို့နယ် ဦးဝိစာရမီးပွိုင့်ရှိ မာကျူရီမီးဆလိုက်တိုင်သုံးတိုင်မှ မီးလုံးများ အစားထိုးတပ်ဆင်ခြင်း၊ မီးလိုင်း ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းအား ယာဉ်စက်ယန္တရားအသုံးပြု၍ လျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန် (၂) ကြီးကြပ်မှုကော်မတီရုံး၌ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန် (၁၊၂၊၃) တို့မှ စက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဓာတ်အားလိုင်းတိုင်များပြုပြင်တည်ဆောက်ခြင်းနှင့်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းဆိုင်ရာများ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## စစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရုံးခွဲရုံသို့ သွားရောက်ပြီး ဓာတ်အားအဝင် လက်ခံရရှိမှုနှင့် အထွက် ဖီဒါခုနစ်ခုဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေ၊ Control Panel များနှင့်ထရန်စဖော်မာများအခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

## ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးသည် အလုံမြို့နယ် ကမ်းနားလမ်းရှိ Asia World ကုန်တင်ကုန်ချ ဆိပ်ကမ်းသို့ LU AHAN သင်္ဘောဖြင့်ပြည်ပမှရောက်ရှိလာသည့် ရဲရွာ-ဘဲလင်း-မိတ္ထီလာ 230 KV မဟာဓာတ်အားလိုင်းတိုင်စီမံကိန်းအတွက် ဓာတ်အားလိုင်း ပစ္စည်း ၁၁၁၆တန်ရောက်ရှိမှု၊ (ရွှေလီ-မန်စံ-ရွှေစာရံ) 230 KV ဓာတ်အားလိုင်းစီမံကိန်းအတွက် ACSR ကြိုး ၂၉၈၀တန်ရောက်ရှိမှု၊ဘဲလင်းဓာတ်အားခွဲရုံနှင့် နေပြည်တော်ပင်မဓာတ်အားခွဲရုံသုံး 100 MVA ထရန်စဖော်မာနှင့် ခွဲရုံသုံး ဆက်စပ်ပစ္စည်း ၅၆၂ ဒသမ ၇၇ တန်နှင့် လျှပ်စစ်စီမံကိန်းသုံး ပစ္စည်းများသင်္ဘောပေါ်မှချခြင်း၊ စီမံကိန်းများသို့ပို့ဆောင်နိုင်ရန် မော်တော်ယာဉ် ၁၁၇ စီးဖြင့် စီမံကိန်း လုပ်ငန်းများသို့ တင်ပို့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား အိန္ဒိယနိုင်ငံမှ ဧည့်အဖွဲ့တွေ့ဆုံ

**နေပြည်တော် မေ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံသို့ တက်ရောက်ခဲ့သော အိန္ဒိယသမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ Minister of State, H.E. Mr. Tairam Ramesh နှင့် အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

## ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မုန်တိုင်းဒဏ်သင့် ပြည်သူများအား အိန္ဒိယသမ္မတနိုင်ငံက ထပ်မံအကူအညီပေးရေးကိစ္စများ၊ အထူးသဖြင့် လျှပ်စစ်စွမ်းအားကဏ္ဍတွင် အကူအညီပေးရေးကိစ္စများကိုလည်းကောင်း၊ နှစ်နိုင်ငံအကျိုးတူကိစ္စများကိုလည်းကောင်း ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘာဟာကာကေ မီထရာတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်တွန်းထွန်စက် အစီးတစ်ရာ လှူဒါန်း

**နေပြည်တော် မေ ၂၆**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် မေ ၁၄ရက် နံနက် ၁၀နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ဥဒ်ဘရားသား(စ်)ကုမ္ပဏီလီမိတက်၏ မန္တလာလက်တွန်းထွန်စက် စက်ရုံသို့ရောက်ရှိပြီး စက်ရုံထုတ် တစ်ဘီးမောင်း ထွန်စက်၊ ယာဉ်ဖုန်း- DG - 18. DF - 15 ထွန်စက်၊ ဝန်တင်သုံး ဆိုင်ကယ်၊ စပါး ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီနှင့် ကားထော်လာဂျီများ၊ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

## မှာကြား

ထို့နောက် စက်ရုံ ရှင်းလင်းဆောင်၌ တစ်ဘီးမောင်း ထွန်စက်၏ လုပ်ငန်း ဆောင်ရွက်မှုအခြေနေများကို အရောင်းမန်နေဂျာ ဦးမျိုးဆောင်က ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

## ထောက်ပံ့လှူဒါန်း

အဆိုပါ တစ်ဘီးမောင်း လက်တွန်းထွန်စက် အစီးတစ်ရာကိုငွေကျပ်သိန်း၇၀၀ဖြင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လေဘေးသင့် ဒေသများအတွက် ဝယ်ယူပြီး ရန်ကုန်တိုင်းသို့ ထောက်ပံ့လှူဒါန်းပြီးဖြစ်သည်။

ယင်းတစ်ဘီးမောင်း လက်တွန်းထွန်စက်များသည် ထွန်ယက်ခြင်း အပြင် ပဲ့ထောင်စက်၊ ရေစုပ်စက်၊ လျှပ်စစ်မီးရရှိရေးအတွက် ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်သည်။

## အာမခံချက်

မန္တလာလက်တွန်းထွန်စက် စက်ရုံမှ နှစ်နှစ်အာမခံချက် ပေးထားပြီး ပျက်စီး ချွတ်ယွင်းမှုများအတွက် ကုမ္ပဏီမှ အခမဲ့ပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ စက်အရန်ပစ္စည်းများကို နိုင်ငံခြားသွင်းကုန် အစားထိုးအနေဖြင့် မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်မှ လိုအပ်သရွေ့ ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မေ၂၆ရက်က မုန်တိုင်းဒဏ်ခံရသည့် ဘိုကလေးမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့ကို အခြေပြု၍ ကျေးရွာများမှ လေဘေးသင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများပေးရန် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာဦးသော်ဇင် ခေါင်းဆောင်သော ဆေးကုသရေးအဖွဲ့ နယ်လှည့်ဆေးကုသယာဉ်ဖြင့် ရန်ကုန်မြို့မှ မထွက်ခွာမီ တွေ့ရစဉ်။**

(ကျန်းမာရေး)

# ဖိလစ်ပိုင်ဆေးအဖွဲ့ ရောက်ရှိ

မေ ၂၆ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံမှ **Dr. Arnelz Rivera** ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့နှင့် ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာစဉ်။

(သတင်းစဉ်)

# ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

**ရန်ကုန် မေ ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံ ပါလီမန် အတွင်းရေးမှူး (Parliamentary Secretary) H.E.Mr. Osamu UNO သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. Yasuaki Nogawa နှင့်အတူ ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ယာယီကွပ်ကဲမှုဌာန၌ လာရောက်တွေ့ဆုံသည်။

## ရှင်းလင်းပြသ

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့်ခံခဲ့ရသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကိုမြေပုံကားချပ်များနှင့် ရှင်းလင်းပြသသည်။

## ကွင်းဆင်းကုသ

ဆက်လက်၍ ဝန်ကြီးက ဂျပန်နိုင်ငံအနေဖြင့် လေဘေးသင့်ပြည်သူများအတွက် ကူညီမှုများကို ကျေးဇူးတင်ရှိကြောင်း၊ JICA အဖွဲ့အနေဖြင့်လည်း ကျန်းမာရေး စောင့်ရှောက်မှုများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်နေကြောင်း၊ လေဘေးသင့်ဒေသနေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း စခန်းများဖွင့်လှစ်ဆောင်ရွက်နေကြောင်း၊ လက်ရှိအိမ်နီးချင်းနိုင်ငံ ခြောက်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် ကွင်းဆင်း ကုသရေးအဖွဲ့များက ဒေသအလိုက်ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လပွတ္တာမြို့ လေဘေးကယ်ဆယ်ရေးစခန်းများ၌ နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ-ပါစီ(သတင်းစဉ်)၊ စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်**

**ရန်ကုန် မေ ၂၆**

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုလေ့လာရန်နှင့် စာဖတ်ပရိသတ်များထံ တင်ပြရန် မေ ၂၃ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့သို့ ရောက်ရှိခဲ့ကြသည်။

**အထူးဆေးအဖွဲ့ (လပွတ္တာမြို့) အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး မောင်သန့်က နယ်လှည့်ဆေးကုသရေးနှင့်ပတ်သက်၍ ရှင်းပြစဉ်။**

## မျက်ဝါးထင်ထင်

ခရီးရောက်မဆိုက်မှာပင် မြို့တစ်ပတ် လှည့်လည် ကြည့်ရှုလေ့လာခဲ့ရာ ဌာနဆိုင်ရာရုံးများ၊ သာသနိကအဆောက်အအုံများနှင့်လူနေအိမ်များသည် သွပ်ရောင်တပြောင်ပြောင်ဖြစ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

ထိုမှတစ်ဆင့် မိမိတို့သတင်းအဖွဲ့ဝင်များသည် ရတနာဒီပအားကစားကွင်းရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ရာ ကနဦးမှာပင် စခန်းအတွင်းရှိ ကလေးငယ်တို့၏ ပြေးလွှားဆော့ကစားနေမှုများ၊ လူငယ်လူရွယ်တို့၏ ကိုယ်လက်လှုပ်ရှား ခြင်းလုံးခတ်ကစားနေမှုများကို တွေ့မြင်ရသည်။

## လှည့်လည်ကုသ

ရှေးဦးစွာ စခန်းအတွင်းရှိ လေဘေးသင့် ပြည်သူများအား နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး အထူးဆေးအဖွဲ့ (လပွတ္တာမြို့) အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး မောင်သန့်နှင့် တွေ့ဆုံ မေးမြန်းခဲ့ရာ "မိမိတို့အဖွဲ့တွင် ဆရာဝန် ခုနစ်ဦး၊ အုပ်ချုပ်မှုအရာရှိတစ်ဦးနှင့် အခြားအဆင့် ၂၆ဦး စုစုပေါင်း ၃၄ဦး ပါဝင်ကြောင်း၊ ကုသမှုနှင့် ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ အဖွဲ့ သုံးဖွဲ့ခွဲ၍ ကုသမှုပေးနေကြောင်း၊ တစ်ဖွဲ့က ယခု ရတနာဒီပ အားကစားကွင်းရှိ ကယ်ဆယ်ရေးစခန်း၌ အခြေပြုထားပြီး အခြားတစ်ဖွဲ့မှာ မြို့တွင်းရှိ အခြား ကယ်ဆယ်ရေးစခန်းများသို့ လှည့်လည် ဆေးကုသပေးလျက်ရှိကြောင်း၊ တတိယအဖွဲ့မှာ နယ်လှည့် ဆေးကုသပေးသည့်အဖွဲ့ဖြစ်ကြောင်း၊ နယ်လှည့်ဆေးကုသသည့်အဖွဲ့မှာ လပွတ္တာမြို့ကို ဗဟိုပြု၍ စက်လှေဖြင့် ရွာစဉ်တစ်လျှောက် လှည့်လည်ကုသပေးနေကြောင်း၊ သုံးရက်တစ်ကြိမ် အဖွဲ့များကို လဲလှယ်ပေးကြောင်း" ဖြင့် ပြောကြားသည်။

## မတွေ့ရသေး

ဆေးကုသမှုနှင့်စပ်လျဉ်း၍ နေ့စဉ်ပျမ်းမျှလူနာ ၃၀၀နှင့် ၄၀၀ကြားရှိကြောင်း၊ အတွင်းလူနာအဖြစ် အခြေအနေဆိုးသည့်လူနာမရှိကြောင်း၊ အဖြစ်အများဆုံးရောဂါမှာ အအေးမိ၊ ဖျားနာ၊ လေပွန်ရောင်၊ လည်ချောင်းနာ၊ နာစေး၊ ချောင်းဆိုးရောဂါလောက်သာ အများဆုံးဖြစ်ပါကြောင်း၊ ဝမ်းနှင့်ပတ်သက်သည့် ရောဂါဖြစ်ပွားမှုမှာ ဝမ်းပျက်ရောဂါသည် အနည်းအကျဉ်းသာရှိပါကြောင်း၊ သို့သော် ဝမ်းရောဂါအဆင့်မရှိကြောင်း၊ ဝမ်းလျှောသည့် လူနာများတွင်လည်း သွေးလန့်သောလက္ခဏာဖြင့်လာသည့် လူနာ၊ ဆိုးရွားသည့် လူနာမျိုး ယနေ့အထိ တစ်ယောက်မျှ မတွေ့ရသေးကြောင်း ဖြင့် ပြောကြားသည်။

## ခွဲဝေပေး

ဆက်လက်၍ ရေနှင့် ပတ်သက်ပြီး မိမိတို့အဖွဲ့ဝင်များသည် မြို့ကိုဖြန့်ဖြူးသည့် တစ်ဧကအကျယ်ရှိ သောက်ရေကန်လေးကန်အား နေ့စဉ် ကလိုရင်းဆေးခတ်ပေးကြောင်း၊ ရေလာသယ်သည့် ရေစည်အားလုံးကိုလည်း ထပ်မံ၍ ကလိုရင်းဆေးခတ်ပေးကြောင်း၊ ရေသန့်စက်များလည်း စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ စခန်းအတွင်းရှိ အိမ်သာအားလုံးကိုလည်း နေ့စဉ်ဆေးဖျန်းပေးလျက်ရှိကြောင်း၊ စခန်းရှိ ပြည်သူများကိုလည်း ရေကို ကျိုချက်သောက်ရန်နှင့် အိမ်သာသုံးပြီးပါက လက်ဆေးရန် ကျန်းမာရေး ပညာပေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆေးဝါးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး အစီအစဉ်ဖြင့် ဆေးတွေ ပို့ပေးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးအတွက်ရသည့် ဆေးဝါးများကိုလည်း မြို့နယ်အတွင်းရှိ လိုအပ်သည့် ကျေးရွာများကို ခွဲဝေပေးကြောင်းဖြင့် ပြောကြားသည်။

## ဆောင်ရွက်လျက်ရှိ

မိမိတို့ သတင်းအဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်ခရီးဆန့်ခဲ့သည်။ ဆေးရုံတွင် အလယ်တန်း စခန်းတာဝန်ခံ (ကူးစက်ရောဂါနှိမ်နင်းရေး) တိုင်းအနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ ဦးတင်မောင်အေးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ဝမ်းပျက်ဝမ်းလျှောရောဂါ အဓိကဖြစ်ပွားခြင်းမှာ သောက်သုံးရေ၊ စွန့်ပစ်အညစ်အကြေးနှင့် အမှိုက်များကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ ကျန်းမာရေး အသိပညာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်လည်း သက်ဆိုင်ကြောင်း၊ ရတနာဒီပ ကယ်ဆယ်ရေးစခန်းသို့ အဓိက သောက်ရေဖြန့်ဖြူးပေးသည့် သောက်ရေကန်ကြီးကို ရေသန့်စက်များဖြင့် သန့်စင်အောင် ဆောင်ရွက်ပြီး ဆေးခတ်ပေးလျက်ရှိကြောင်း၊ ကျန်စခန်းများရှိ ရေတွင်း၊ ရေကန်များကိုလည်း အဖွဲ့များခွဲ၍ ဆေးခတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စခန်းတာဝန်ခံများကိုလည်း ဆေးစပ်ပုံစပ်နည်း၊ ဆေးအာနိသင်များကို ရှင်းလင်း သင်ကြားပေးလျက်ရှိကြောင်း၊ INGO အဖွဲ့များနှင့် ပူးပေါင်း၍ ရေသန့်စက်များလည်း တပ်ဆင်ပေးထားကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိလ္လာအညစ်အကြေးနှင့်ပတ်သက်၍ စခန်းများ၌ အရေးပေါ် မြောင်းအိမ်သာများသာ သုံးစွဲလျက်ရှိကြောင်း၊ ယင်းမြောင်းအိမ်သာများကို ကျန်းမာရေးဦးစီးဌာနနှင့် ဌာနအောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၊ ယူနီဆက်တို့နှင့် ပူးပေါင်း၍ နည်းပညာများနှင့်အညီ စနစ်တကျ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ အိမ်သာများ၏အပေါ်ကိုလည်း ယင်မနားအောင် ထုံးအိတ်များဖြင့် ဖျန်းပေးထားကြောင်း၊အမှိုက်ကိုလည်း မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တာဝန်ချ၍ သိမ်းဆည်းလျက်ရှိကြောင်း၊သေချာစုစည်း၍ ကျင်းထဲထည့်ပြီး ထုံးဖြူး ဆောင်ရွက်လျက်ရှိကြောင်း" ဖြင့် ပြောကြားသည်။

**စခန်းအတွင်း ကျန်းမာရေးဦးစီးဌာနဆေးခန်းမှ လေဘေးသင့်ပြည်သူများအား ဤသို့ အခမဲ့ဆေးကုသပေးလျက်ရှိသည်။**

**"သောက်ရေကန်ကြီးများကို သန့်စင်အောင် ဆေးခတ်ပေးလျက်ရှိပါတယ်"**

ဒေါက်တာ ဦးတင်မောင်အေး
(အလယ်တန်းစခန်း တာဝန်ခံ
တိုင်းဆရာဝန်ကြီး)

ဆက်လက်၍ လူတစ်ဦးချင်း၏ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် စပ်လျဉ်းပြီး "စခန်းအတွင်းရှိ လေဘေးသင့်ပြည်သူများကို အစုအဖွဲ့အလိုက် ကျန်းမာရေးပညာပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများရှိပြည်သူများအတွက် ကျန်းမာရေးအသိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များကိုလည်း ဝေငှထားပြီးဖြစ်ကြောင်း" ဖြင့် ပြောကြားသည်။

"ဆေးခန်းများကို ပြည်သူ့ဆေးရုံတွင်သာမက လေဘေးကယ်ဆယ်ရေးစခန်းများ၊ မြို့လယ်ရှိ ကျောင်းများ၊ အဆောက်အအုံများတွင်လည်း ဖွင့်လှစ်ပေးထားပါတယ်။ အဲဒီလို ဆေးခန်းများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဘယ်လောက်ရှိသလဲ၊ ငါးနှစ်အောက် ဘယ်လောက်ရှိသလဲ၊ သာမန်ဘယ်လောက်နှင့် အပြင်းအထန် ဘယ်လောက်ရှိသလဲ၊ ဘယ်စခန်းက လာသလဲဆိုတဲ့ ရောဂါထောက်လှမ်းရေးကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ဒီနေ့ဝမ်းပျက်လူနာသုံးဦးလာပါတယ်။ ကာလဝမ်းရောဂါသည် တစ်ယောက်မှတော့ မတွေ့သေးပါဘူး၊ သာမန်ဝမ်းပျက်ရောဂါမျှသာဖြစ်ပြီး စိုးရိမ်စရာအနေအထားမရှိပါဘူး။ ကာကွယ်မှုများကို အပြည့်အဝဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားသည်။

မိမိတို့သတင်းအဖွဲ့ဝင်များ ရတနာဒီပ လေဘေးကယ်ဆယ်ရေးစခန်းမှ ထွက်ခွာချိန်ကား ညနေပိုင်းသို့ ရောက်လုပြီ။ သတင်းခရီးသည်တို့၏ ခရီးစဉ်က မပြီးဆုံးသေး။ ကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တင်ပြရန် ကျေးရွာအနှံ့ ခရီးဆန့်ရပါဦးမည်။ ။

**ရတနာဒီပ အားကစားကွင်း ကယ်ဆယ်ရေးစခန်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ရေသန့်စင်စက်ကို ဤသို့ တွေ့ရသည်။**

**ရတနာဒီပ အားကစားကွင်း ကယ်ဆယ်ရေးစခန်းအတွင်း ကိုယ်လက်လှုပ်ရှား ခြင်းလုံးခတ် ကစားနေကြစဉ်။**

**သောက်ရေအတွက် ရေကိုသန့်စင်စေရန် INGO အဖွဲ့များနှင့် ပူးပေါင်း၍ ကလိုရင်းဆေးများ ခတ်ထည့်ပေးစဉ်။**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မေ ၂၆

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၂ရက် နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် ငကျည်တောက် တပ်နယ်ခန်းမနှင့် ဘူးသီးတောင်တပ်နယ်ဗန္ဓုလခန်းမတို့၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ဘူးသီးတောင်တပ်နယ် နယ်မြေခံတပ်မှ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ ခြံစည်းရိုးကြက်ဆူ ၅ဒသမ၃ဧက စိုက်ခင်းနှင့် ဥစားကြက်မွေးမြူရေးခြံများသို့ လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသော မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

**လှူဒါန်း**

အခမ်းအနားတွင် မောင်တောမြို့နယ်အတွင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၁၃၀၃၂၀၀နှင့် ဘူးသီးတောင်မြို့နယ်အတွင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၈၃၀၀၀၀၀ စုစုပေါင်းငွေကျပ်၂၉၆၀၃၂၀၀ လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဃ်္ဃန်းကျွန်းမြို့နယ် ဇဝန ရပ်ကွက် သီရိဇေယျာလမ်း အမှတ်၁၇ နေ ဒေါ်ခင်ဝင်းကြည်အသက်(၆၃) နှစ် ပြည့် အ လှူ အဖြစ် ကြေးပြား ငါးချပ်တန်ဖိုးငွေကျပ်၁၃၀၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ် လှူဒါန်းရေး ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

# မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ပြည်သူများ မူလနေထိုင်ရာကျေးရွာများတွင် ပြန်လည်အခြေချနေထိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေး လယ်လုပ်ငန်းစတင်ရန် လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နေပြီ

ရန်ကုန် မေ ၂၆

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ၂၃ရက်က တာဝန်ရှိသူများ၊ ပဲခူးတိုင်းဌက်ဖျားအထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းမင်း ဦးစီးသည့် ကျန်းမာရေးအဖွဲ့များလိုက်ပါ၍ အလှူရှင်များမှ ထောက်ပံ့လှူဒါန်းခဲ့သည့် ဆန်၊ အစားအသောက်များ၊ အဝတ်အထည်များ၊ စောင်များ၊ မိုးကာစများ၊ ခြင်ထောင်များ၊ သွပ်၊ သံ၊ စားသုံးဆီများ၊ ဆားနှင့် စက်သုံးဆီများ စုစုပေါင်းတန် ၂၀၀ကျော်ခန့်ကို ရေယာဉ်များဖြင့် တင်ဆောင်ကာ မော်လမြိုင်ကျွန်းမြို့မှ လေဘေးသင့်ကျေးရွာဖြစ်သော ကျားဟုန်းကျေးရွာသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား ယာယီအိမ်ရာများသို့ အိမ်တိုင်ရာရောက် ဖြန့်ဝေပေးပြီး လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာအလိုက် ဖြန့်ဝေပေးအပ်သည်။** (အောက်ပုံ)

**ကြည့်ရှုအားပေး**

ထို့အပြင် ကျားဟုန်းကျေးရွာ သာသနောဒယ ဘုန်းကြီးကျောင်းနှင့် အနီးဝန်းကျင်ရွာများရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်များနှင့် သင်္ကန်းများ လှူဒါန်းခြင်း၊ အထူးကုဆရာဝန်ကြီးများ အဖွဲ့က အရေးကြီးလူနာများအား ဆေးဝါးကုသပေးခြင်း၊ လက်တွန်းလယ်ထွန်စက်များဖြင့်ကျားဟုန်းကျေးရွာမှ လယ် ၂၉ဧကအား စပါးပြန်လည်ပျိုးထောင်စိုက်ပျိုးနိုင်ရန် စတင်ထွန်ယက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ကြီးက လိုအပ်သည်များ ပြင်ဆင်ရေးတို့ကို မှာကြားကာ မြင်းကကုန်းမြစ်ရိုးတစ်လျှောက်ကျေးရွာများ၌ လူနေအိမ်များ ပြန်လည် တည်ဆောက်နေထိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဆေးဝါးကုသပေး**

ထို့နောက် ဝန်ကြီးနှင့်အတူ လိုက်ပါလာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များသည် ထောက်ပံ့ရေးပစ္စည်းများကို နှစ်ထပ်သင်္ဘောဖြင့် သယ်ဆောင်၍ ကြက်ရှာကျေးရွာ၊ အောင်သုခ၊ ခနိချောင်း၊ မာတသိမ်၊ ရေကျော်သိမ်၊ ကနစိုချောင်း၊ ကွမ်းချောင်း၊ ပေချောင်း၊ ညီနောင်လေး၊ ညီနောင်ကြီး၊ အောင်လှိုင်၊ ဂေါ်တူ၊ ကနစိုလေး၊ မဏ္ဍပ်ချောင်းအတွက် ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာများအရောက် ဖြန့်ဝေပေးပြီး အထူးကု ဆရာဝန်ကြီးများအဖွဲ့က လူနာ၁၀၇ဦးအား ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်**

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် နတ်မှူးကျေးရွာအုပ်စု အောင်လှိုင်(၁)ရွာ အတွင်းရှိ အိမ်ထောင်စုများအား ဆန်၊ ဆီ၊ သောက်ရေသန့်များ၊ အဝတ်အထည်၊ ပန်းကန်၊ စားသောက်ဖွယ်ပစ္စည်းများ၊ မိုးကာစ၊ စောင်၊ အမယ်စုံအိတ်၊ ရေပုံး၊ စည်သွတ်ဘူး၊ ခြင်ထောင်၊ UNICEFမှ လှူဒါန်းသည့် Family Kit Box၊ အသင့်ချုပ်ပြီး မိုးကာစ၊ ဓား၊လွှတို့ကို အိမ်တိုင်ရာရောက်ဖြန့်ဝေပေးပြီး မြတ်သာရွာမ၊ မြတ်သာရွာဝ၊ မြတ်သာဇီးဖြူ၊ မိတ်သလင်ကုန်း၊ ကျွဲခြံကျုံလမု၊ ကျားကျောင်းကျေးရွာတို့၌လည်း ထောက်ပံ့ရေးပစ္စည်းများနှင့် မျိုးစပါးများပေးအပ်ကာ ကျေးရွာများပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးမည့်အချက်များကို ရှင်းလင်း မှာကြားခဲ့သည်။ ထို့အပြင် အထူးကုဆရာဝန်ကြီးများအဖွဲ့မှ ယာယီဆေးခန်း ဖွင့်လှစ်ကာ လူနာ ၁၀၉ဦးအား ဆေးဝါးကုသပေးခဲ့ပြီး အရေးကြီး လူနာတစ်ဦးအား မြို့နယ်ဆေးရုံ၌ ကုသမှုခံယူရန် စီစဉ်ဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပစ္စည်းဖြန့်ဝေ**

ထို့အပြင် မေ ၂၃ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများသည် ကျွန်းချောင်းရွာမကျေးရွာ၌ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့်အတူ ပလတ်စတစ်စ၊ မိုးကာစ၊ တာပေါလင်စနှင့် ဒေသထွက်ဓနိတို့ဖြင့် လူနေအိမ်ရာများ ဆောက်လုပ်နေထိုင်နေကြသည့် အိမ်ထောင်စု ၇၆စုကို ဆန်၊ ဆီ၊ သောက်ရေသန့်များ၊ ခေါက်ဆွဲခြောက်၊အဝတ်အထည်၊ ပန်းကန်၊ စားသောက်ဖွယ်ပစ္စည်းများ၊ နိုင်ငံတကာမှ လှူဒါန်းသည့်မိုးကာစ၊ စောင်၊ အမယ်စုံအိတ်၊ ဂျပန်နိုင်ငံမှ ပေးပို့သည့် ပလတ်စတစ်ရေကန်၊ ရေပုံးအပျော့များ၊ စည်သွတ်ဘူး၊ ခြင်ထောင်၊ UNICEFမှ ပေးပို့လှူဒါန်းသည့် Family Kit Box၊ အသင့်ချုပ်ပြီး(၁၂×၁၅)ပေ မိုးကာစ၊ ဓား၊ လွှတို့ကို ကျွန်းချောင်းကျေးရွာအုပ်စု ကျေးရွာများအတွက် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးအပ်သည်။

**ဆေးဝါးကုသပေး**

ထို့နောက် ဇရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဦးစီးသည့် အဖွဲ့သည် မင်းသန်းတိုး နှစ်ထပ်သင်္ဘောကြီးဖြင့် မဘေကျေးရွာအုပ်စု ရွာသာညွန့်ကျေးရွာ၌ ပြန်လည်အခြေချကာ လူနေအိမ်ရာများဆောက် လုပ်နေထိုင်ကြသည့် အိမ်ထောင်စု ၁၂၃စုတို့သို့ ဆန်၊ ဆီ၊ သောက်ရေသန့်များ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ ပန်းကန်၊ စားသောက်ဖွယ်ပစ္စည်းများ၊ နိုင်ငံတကာမှ လှူဒါန်းသည့် မိုးကာစ၊ စောင်၊ အမယ်စုံအိတ်၊ ရေပုံးအပျော့များ၊ စည်သွတ်ဘူး၊ ခြင်ထောင်၊ UNICEF မှ ပေးပို့လှူဒါန်းသည့် Family Kit Box၊ အသင့်ချုပ်ပြီး (၁၂×၁၅)ပေ မိုးကာစ၊ ဓား၊ လွှတို့ကို မဘေကျေးရွာအုပ်စု ကျေးရွာများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ဖြန့်ဝေပေးသည်။ ထို့အပြင် အထူးကုဆရာဝန်ကြီးများအဖွဲ့မှ မင်းသန်းတိုး နှစ်ထပ်သင်္ဘောကြီးပေါ်၌ အရေးကြီး လူနာ ၆၇ဦးအား ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် ရှောက်ချောင်းကျေးရွာအုပ်စု ငါးတန်တစ်ရာကျေးရွာ၌ ရှောက်ချောင်းကျေးရွာများမှ လေဘေးသင့်ပြည်သူ ၂၀၀၀ ကျော်ခန့်အတွက် ထောက်ပံ့ရေးပစ္စည်းများ အိမ်တိုင်ရာရောက်ဖြန့်ဝေပေးသည်။

**ထွန်ယက်ပြီ**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးဒဏ်ခံခဲ့ရပြီးနောက် လေဘေးသင့်ပြည်သူများသည် မူလနေထိုင်ရာ ကျေးရွာများတွင်ပြန်လည်အခြေချနေထိုင်လျက်ရှိကြပြီး နိုင်ငံတော်မှ လေဘေးသင့်ပြည်သူများ အားလုံး အမိုးအကာအောက် ရောက်ရှိရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် လယ်လုပ်ငန်းများ စတင်နိုင်ရန် စက်မှုလယ်ယာ ဦးစီးဌာနမှ လက်တွန်းလယ်ထွန်စက်များဖြင့် ထွန်ယက်ခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်သည်။ (သတင်းစဉ်)

# အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျောက်တန်းမြို့ လေဘေးသင့်ပြည်သူများ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် မေ ၂၆

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံ၌ ကျောက်တန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏စီစဉ်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများအဖွဲ့၏ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှု၊ လေဘေးသင့်ပြည်သူများအား ရောဂါစမ်းသပ်ရှာဖွေခြင်းလုပ်ငန်း၊ ဆေးဝါးကုသပေးခြင်းလုပ်ငန်း၊ မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်ကုသပေးခြင်း၊ မျက်မှန်များပြုလုပ်ပေးခြင်းများကို သွားရောက်ကြည့်ရှုပြီး** (အောက်ပုံ) **လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက်ဝန်ကြီးသည်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဌာနကြီးမှူးများနှင့်အတူ ကျောက်တန်းမြို့ဆင်ကန်ယာယီကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်မိသားစုများအားနံနက်စာထမင်း၊ ဟင်းနှင့်ရေသန့်ဘူး၊ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြပြီး ဆင်ကန်ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့် ပြည်သူများအား ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆေးဝါးကုသပေးနေသည့် Lao Medical Team မှ ဆရာဝန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဌာနကြီးမှူးများ၊ စေတနာရှင် အလှူရှင်များသည် ကျောက်တန်းမြို့ ငွေသောင်ယံ လေဘေးသင့်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ လေဘေးသင့်မိသားစုများအား နံနက်စာထမင်း၊ ဟင်း၊ ရေသန့်ဘူး၊အဝတ်အထည်မျိုးစုံ၊စားသောက်ကုန်၊ဆေးဝါးနှင့်အသုံးအဆောင်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ဝန်ကြီးသည် ကျောက်တန်းမြို့ပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး

# ထားဝယ်မြို့ သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲနှင့် လေဘေးသင့်ပြည်သူများအား အလှူငွေနှင့်ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲတက်ရောက်

ရန်ကုန် မေ ၂၆

ထားဝယ်မြို့ သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက်ပိုင်းက ထားဝယ်မြို့ ဃောသိတာရာမ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

**ငါးပါးသီလခံယူ**

ရှေးဦးစွာ ထားဝယ်မြို့ ဃောသိတာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိန္နာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရှင်းလင်းလျှောက်ထား**

ဆက်လက်၍ သာသနာ့ဗိမာန်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းက သာသနာ့ဗိမာန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြလျှောက်ထားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ဇနီး ဒေါ်ဝေဝေခိုင်မိသားစုနှင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦး၊ဇနီးဒေါ်ခင်သန်းဌွေးမိသားစုတို့က လှူဒါန်းငွေများကို သာသနာ့ဗိမာန်တော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာ့ဗိမာန်တော် တည်ဆောက်ရေးအတွက် ထားဝယ်မြို့ပေါ်ရှိ စေတနာရှင်၊ အလှူရှင်များက ငွေကျပ် ၆၈ သိန်းကျော် ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

**ရေစက်သွန်းချအမျှဝေ**

ထို့နောက် ထားဝယ်မြို့ ဇေယျဝတီ ကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသူရိယထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ် ပင်မလေးထပ် စာသင်ဆောင် တည်ဆောက်ရေးစီမံကိန်းကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

**တက်ရောက်အမှာစကားပြော**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး ထားဝယ်ခရိုင်မှ စေတနာရှင်၊ အလှူရှင်များ၊ လူမှုရေး အသင်းအဖွဲ့များက ငွေကျပ် ၃၈၄ သိန်းကျော် တန်ဖိုးရှိ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ၊ ရေငန်ဒဏ်ခံ မျိုးစပါးများ ပေးအပ်လှူဒါန်းကြရာ ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင်ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းသို့ ပေးပို့မည့် ရေငန်ဒဏ်ခံ မျိုးစပါးများအား လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တပ်မတော်သားများက မော်တော်ယာဉ်ကြီးများပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုအားပေးကြသည်။

**တွေ့ဆုံ**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည်မွန်းလွဲ ၂ နာရီခွဲတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကား ပြောကြားပြီး တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ဖြည့်စွက်ရှင်းလင်း**

ညပိုင်းတွင် ဗိုလ်ချုပ်သာအေးသည် ကျောက်ဆည်ရိပ်သာ အစည်းအဝေးခန်းမ၌ကျင်းပသည့် ထားဝယ်ခရိုင် လမ်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ရာ ရှေးဦးစွာ တာဝန်ခံ အင်ဂျင်နီယာများက ရေး-ထားဝယ် ကားလမ်း လမ်းအပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ လမ်းစစ်ဆေးကြီးကြပ်ရေးအဖွဲ့များက လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်**

ထို့နောက်ဗိုလ်ချုပ်သာအေးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လေဘေးသင့် ပြည်သူများအတွက် အနုပညာရှင်တို့၏ စေတနာစကား

**ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)**

**စာမျက်နှာဖွဲ့ စည်းမှူး-ထိန်လင်း**

ရန်ကုန် မေ ၂၆

**၂၀၀၈ခုနှစ် မေ ၂ရက်နှင့် ၃ရက်က တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်များတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၄၀ နှင့် ဧရာဝတီတိုင်းအတွင်းရှိ ခုနစ်မြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသများအဖြစ် နိုင်ငံတော်က ကြေညာခဲ့ရသည်။**

နာရီပိုင်းမျှ တိုက်ခတ်ခဲ့သော မုန်တိုင်းက လေဘေးသင့်ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ရိုက်ချိုးဖျက်ဆီးသွားခဲ့သည်။ သူတို့၏ဘဝနှင့်အနာဂတ်မျှော်လင့်ချက်များကိုရစရာမရှိအောင် တစ်စချင်းနင်းချေသွားသည်။

**ဘဝခရီးလမ်း**

လေဘေးသင့်ပြည်သူများတွင် မိဘမရှိတော့သည့် သားသမီးများ၊ သားသမီးမရှိတော့သည့် မိဘများ၊ လင်ယောကျ်ား မရှိတော့သည့် ဇနီးမယားများ၊ ဇနီးမယားမရှိတော့သည့် လင်ယောကျ်ားများအထီးကျန်ဘဝဖြင့် မဆုံးသေးသော ဘဝခရီးလမ်းကို အပန်းတကြီး ကျော်ဖြတ်ကြရပေဦးတော့မည်။

**လှူဒါန်း၍မစဲ**

သူတို့- သူတို့လေးတွေဘဝ အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတော်နှင့် လေဘေးမှလွတ်ကင်းသူ ပြည်သူအားလုံးတွင်တာဝန်ရှိပေသည်။ တာဝန်ရှိသည့်အလျောက် နိုင်ငံတော်နှင့်ပြည်တွင်းပြည်ပအလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် တစ်ပိုင်တစ်နိုင်ရော၊ တစ်အုံတစ်မ၊ အလုံးအရင်းဖြင့်ပါ လိုလေသေးမရှိ လှူဒါန်းလျက်ရှိကြသည်ကို နေ့စဉ်ထုတ် သတင်းစာများတွင် အဆက်မပြတ် တစ်ဖွဲ့ပြီးတစ်ဖွဲ့ လှူဒါန်း၍မစဲနိုင်အောင် တွေ့နေမြင်နေရသည်။

**ကျေးဇူးတုံ့ပြန်**

လှူဒါန်းကြသော စေတနာရှင်များထဲတွင် ပြည်သူချစ်သောရုပ်ရှင် အနုပညာရှင်များလည်း ပါဝင်ကြသည်။ ရုပ်ရှင်လောကမှ လူတန်းစားအဖုံဖုံ မပြည့်စုံသူရော ပြည့်စုံသူပါ လှူကြသည်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လှူဒါန်းကြသည်မှာ အားရစရာကောင်းလှသည်။ တစ်နည်းအားဖြင့် သူတို့၏ထမင်းရှင်များကို ကျေးဇူးတုံ့ပြန်ကြခြင်းဖြစ်သည်။

**ထပ်ပြီး လှူချင်လွန်းလို့ ဟော့ရှော့မှာပါတဲ့ သရုပ်ဆောင်တွေကို အကူအညီတောင်းပြီး ပရိသတ်နဲ့ လက်ပွန်းတတီးတွေ့ဆုံစေကာ ရန်ပုံငွေရှာတာပါ။ ဒီလိုလုပ်အား ဒါနနဲ့ရသမျှ ဝင်ငွေအားလုံး လှူသွားမှာပါဆိုတဲ့ လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှစီစဉ်သူ မအေးအေးဝင်း။**

**ဝင်ငွေစုံချိန်**

ကျေးဇူးရှင်များကို တုံ့ပြန်ကြသူများတွင် ဟော့ရှော့အဖွဲ့လည်း ပါသည်။ ဟော့ရှော့ဇာတ်ကားမှာ ရန်ကုန်

**လေဘေးသင့် ပြည်သူတွေရဲ့ အဖြစ်ကို မြင်ရတာစိတ်မကောင်းပါဘူး။ ဝမ်းနည်းပါတယ်လို့ပါးစပ်ဖျားလေးက သာမန်ပြောရုံကလေး မပြောချင်ဘူး။ ရင်နှင့်အမျှခံစားရလို့ပါဆိုတဲ့ မိုးအောင်ရင်။**

နှင့် မန္တလေးတွင် မေ ၂ ရက်က စတင်ရုံတင်လျက်ရှိရာ ယနေ့အထိ ရုံပြည့်ရုံလျှံ အားပေးနေကြဆဲဖြစ်သည်။ လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဝင်ငွေအရဆုံး ဇာတ်ကားဖြစ်ပြီး ၂၀၀၈ ခုနှစ်အတွင်း ဝင်ငွေအမြင့်ဆုံးစံချိန်ချိုးမည့်ဇာတ်ကားဟုဆိုနိုင်သည်။ စေတနာကောင်း၍ ဝင်ငွေကောင်းသည်ထင့်။

**လှူဒါန်း**

ထုတ်လုပ်သူ မအေးအေးဝင်းကိုယ်တိုင် ဧရာဝတီတိုင်းရှိ လေဘေးသင့် ပြည်သူများနှင့် ရုပ်ရှင်လောကမှ ကူညီထိုက်သူများအား ပထမအကြိမ် ကိုယ်ထိလက်ရောက် လှူဒါန်းပြီးဖြစ်သည်။ ဧရာဝတီတိုင်းမှ လေဘေးသင့် ပြည်သူများအား ကိုယ်ထိလက်ရောက် ဒါနပြုရာမှာ ပထမအကြိမ်နှင့် အားမရသေး၍ မေ ၁၈ ရက် နဝဒေးရုံဝင်ခနှင့် မေ ၂၄ ရက် သမ္မတရုံဝင်ခ များကို ဒုတိယအကြိမ် ထပ်မံဒါနပြုရန် စီစဉ်ကြသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် နှစ်ရပ်ပေါင်း သိန်း ၁၀၀ ဝန်းကျင်ခန့် ရှိသည်ဟု သိရသည်။

**ရင်တွင်းစကား**

မေ ၂၄ ရက် ဟော့ရှော့ အလှူငွေ ရန်ပုံငွေပွဲနေ့က သမ္မတရုံတွင် ဟော့ရှော့ အဖွဲ့သားများနှင့် ရုပ်ရှင် သတင်းထောက်ကိုကြီးစိုးတို့ တရင်းတနှီး တွေ့ဆုံစကား ပြောဖြစ်ကြ၍ သိရခြင်းဖြစ်သည်။ ဟော့ရှော့

**ကံဆိုးသူတွေရဲ့ ပျက်စီးဆုံးရှုံးမှုဟာ ရှိတဲ့သူတွေ လှူဖို့အတွက် တာဝန်တစ်ရပ် ဖြစ်ပါတယ်လို့ဆိုတဲ့ လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ မန်နေဂျာ ကိုအုန်းဝင်း။**

အဖွဲ့သားများ၏ ရင်တွင်းစေတနာစကားကိုကြားရတော့ အတိုင်းမသိဝမ်းသာပီတိဖြစ်ရသည်။

**လှူဒါန်း**

လှူတဲ့လူတွေလည်း များများလှူနိုင်တန်းနိုင်ကြပါစေ၊ လေဘေးသင့်ပြည်သူတွေလည်း လောကဓံကို

**အလွန်ပဲ စိတ်မကောင်း ဖြစ်ရပါတယ်။ လေဘေးရန်ပုံငွေအတွက် ပြဇာတ်ကပြီး လှူကြဖို့စီစဉ်နေပါပြီ။ ပြဇာတ်ကပွဲမှာ သက်မွန်တို့ရုပ်ရှင်လောကသားတွေအားလုံး အင်တိုက်အားတိုက် ပါဝင်ကြမှာပါလို့ဆိုတဲ့ သက်မွန်မြင့်။**

ကောင်းကောင်းကြီးရင်ဆိုင်နိုင်ဖို့ များများ အဖွဲ့သားများ ဒီထက်အောင်မြင်ကြ
ရကြပါစေလို့ ဆန္ဒပြုရင်း ဟော့ရှော့ ပါစေလို့။ ။ (မြန်မာ့အလင်း)

**ဧရာဝတီတိုင်းမှ လေဘေးသင့် ပြည်သူများအား ကိုယ်ထိလက်ရောက် ဒါနပြုရာမှာ ပထမအကြိမ်နှင့် အားမရသေး၍ မေ ၁၈ရက် နဝဒေးရုံဝင်ခနှင့် မေ ၂၄ရက် သမ္မတရုံဝင်ခများကို ဒုတိယအကြိမ်ထပ်မံ ဒါနပြုရန် စီစဉ်ကြ။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် နှစ်ရပ်ပေါင်း သိန်း ၁၀၀ ဝန်းကျင်ခန့် ရှိသည်ဟု သိရ။**

## တန်ဖိုးနည်း လက်တော့ပ်များ ထုတ်လုပ်

**ဆက်သွယ်ရေး နည်းပညာသစ်**

တန်ဖိုးနည်းပြီး အသုံးပြုမှု တွင်ကျယ်သည့် ကျောင်းသားသုံး လက်တော့ပ်များကို အိုအယ်လ်ပီစီ စီမံကိန်းမှနေ၍ စတင်ထုတ်လုပ်နေပြီဖြစ်သည်။

ဖွံ့ဖြိုးစနိုင်ငံများမှ ကျောင်းသားများအတွက် ရည်ရွယ်ကာ ထုတ်လုပ်လိုက်သည့် XO လက်တော့ပ်များသည်(ယာပုံ)တစ်ခုလျှင် အမေရိကန်ဒေါ်လာ၇၅ဒေါ်လာ တန်ဖိုးသတ်မှတ်ထားကြောင်း သိရသည်။ ထိုသို့ ဈေးနှုန်းသက်သာစွာ ရောင်းချခြင်းမှာ ကျောင်းသားတစ်ဦး လက်တော့ပ်တစ်ခုပိုင်ဆိုင်နိုင်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်သည်။

ယခုထုတ်လုပ်လိုက်သည့် လက်တော့ပ်နှင့်အတူ အီလက်ထရွန်နစ် စာအုပ်လည်း ပါရှိမည်ဖြစ်သည်။ လက်တော့ပ်များသည် သင်ကြားမှုကို မှတ်ယူနိုင်ခြင်း၊ သိမ်းဆည်းထားနိုင်ခြင်း၊ စက္ကန့်ပိုင်းအတွင်း ပြန်လည်ကြည့်ရှု၍ရခြင်းစသည့် ဝန်ဆောင်မှုများဖြည့်ဆည်းပေးနိုင်သည်။

ထို့အပြင် မှတ်တမ်းမှတ်ရာများကို စနစ်တကျ သိုမှီးထားနိုင်ခြင်းအပြင် သယ်ဆောင်ရာတွင်လည်း ပေါ့ပါးအောင် ပြုလုပ်ထားကြောင်း လာမည့် ၂၀၁၀ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးသို့ ဖြန့်ဝေရောင်းချမည်ဖြစ်သည်။ (အင်တာနက်)

## လက်ဘနွန်သမ္မတအဖြစ် ဗိုလ်ချုပ်ကြီးဆူလေမန်ကို ရွေးချယ်

**ဘေရွတ် မေ ၂၆**

လက်ဘနွန်ပါလီမန်က လက်ဘနွန်စစ်ဘက်မှ ဗိုလ်ချုပ်ကြီးမိုက်ကယ် ဆူလေမန်အား သမ္မတအဖြစ် မေ ၂၅ ရက်က ရွေးချယ်တင်မြှောက်လိုက်ရာ ပြီးခဲ့သည့် နို၀င်ဘာလကတည်းက လိပ်ခဲတည်းလည်း ဖြစ်နေသော သမ္မတရွေးချယ်ရေး အကျပ်အတည်းမှာ ပြီးဆုံးသွားခဲ့ပြီး ဖြစ်သည်။

ယခုကဲ့သို့ လက်ဘနွန်သမ္မတအဖြစ် ဗိုလ်ချုပ်ကြီးဆူလေမန်အား ရွေးချယ်ခြင်းကို လက်ဘနွန် ပြည်တွင်းရှိ အဖွဲ့အစည်းများအားလုံးကလည်း သဘောတူညီခဲ့ကြသည်။

**တိုက်တွန်းပြောကြား**

ဗိုလ်ချုပ်ကြီးဆူလေမန်(**ယာပုံ**)**က** နိုင်ငံတော်အတွက်အလုပ်ကြိုးစားလုပ်ကိုင်ကြရန် အစိုးရအဖွဲ့နှင့်ဝန်ထမ်းများအား တိုက်တွန်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

**နိုင်ငံတကာသတင်း စုစည်း**
**ဘာသာပြန်သူများ**
**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း**

## ဘရပ်ဆဲလ်မြို့၌ ကုန်တင်လေယာဉ်လမ်းချော်

**ဘရပ်ဆဲလ် မေ ၂၆**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဘရပ်ဆဲလ်ဇာဗန်တမ်လေဆိပ်တွင် မေ၂၅ရက်က ကုန်တင်လေယာဉ်တစ်စင်း လမ်းချော်မှုဖြစ်ပွားရာမှ လေယာဉ်မှာ နှစ်ပိုင်းပြတ်ထွက်သွားကြောင်း(**အောက်ပုံ**) ဘယ်လ်ဂါသတင်းဌာနက သတင်းထုတ်ပြန်သည်။

**ဆေးရုံတင်ပို့**

အဆိုပါ အင်ဂျင်လေးလုံးတပ် ဘိုးရင်း-၇၄၇ ကုန်တင်လေယာဉ်မှာ ကယ်လ်တာလေကြောင်းလိုင်းပိုင် လေယာဉ်ဖြစ်ပြီး လေယာဉ်ဝန်ထမ်းငါးဦး လိုက်ပါကြောင်း၊ ထိခိုက်ဒဏ်ရာရမှု မရှိသော်လည်း အဆိုပါဝန်ထမ်းငါးဦးစလုံးကို ဆေးရုံသို့တင်ပို့ပေးခဲ့ကြောင်း လေဆိပ်တာဝန်ခံတစ်ဦးက ပြောကြားသည်။

လေယာဉ်မှာ အလွန်ပျက်စီးသွားခဲ့ကြောင်း၊ ပေါက်ကွဲမီးလောင်မှု မဖြစ်ပွားခဲ့သော်လည်း လေကြောင်းခရီးစဉ်များ ပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။ **(အင်တာနက်)**

## ကင်တပ်ကီပြည်နယ် အကြိုသမ္မတရွေးကောက်ပွဲ ဟီလာရီကလင်တန်က အိုဘားမားကို အပြတ်အသတ်နိုင်ရ

ဝါရှင်တန် မေ ၂၆

**နယူးယောက် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်သည် ကင်တပ်ကီပြည်နယ် အကြိုရွေးကောက်ပွဲတွင် ပြိုင်ဘက်အိုဘားမားကို အနိုင်ရလိုက်သည်။ မဲဆန္ဒနယ် ၉၉ရာခိုင်နှုန်း၏ ထောက်ခံဆန္ဒပြုမှု အခြေအနေအရ ဟီလာရီကလင်တန်က အိုဘားမားကို ၆၅ရာခိုင်နှုန်း၊ ၃၀ရာခိုင်နှုန်းဖြင့် အပြတ်အသတ်အနိုင်ရကြောင်း သိရသည်။**

ယနေ့ည မိမိတို့သည် အရေးပါသော အောင်မြင်မှုတစ်ရပ်ကို ရရှိလိုက်ပြီဖြစ်ကြောင်း ကင်တပ်ကီပြည်နယ် လူးဝစ်ဗီးလ်မြို့၌ ဟီလာရီကလင်တန်က ၎င်းအား ထောက်ခံသူများကို ပြောကြားလိုက်သည်။

**အကြိတ်အနယ်ယှဉ်ပြိုင်**

ပါတီကိုယ်စားပြု သမ္မတလောင်းဖြစ်ရေးတွင် ခေတ်သစ်သမိုင်း၌ ဤတစ်ကြိမ်သည် အကြိတ်အနယ် အယှဉ်ပြိုင်ရဆုံးဖြစ်ကြောင်း၊ မိမိတို့သည် ပြည်သူ့ထောက်ခံမဲတွင် အနိုင်ရလျက်ရှိကြောင်း ဟီလာရီကလင်တန်က ပြောကြားသည်။

**နောက်ဆုတ်မည်မဟုတ်**

ပြည်သူတို့က မိမိအားထောက်ခံမဲပေးရာ၌ မည်သည့်အခါမှ နောက်ဆုတ်မည်မဟုတ်သည်ကို သိရပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မိမိအနေဖြင့် ပြည်သူထောက်ခံမှုရရေးအတွက် မည်သည့်အခါမျှ နောက်မဆုတ်သည်ကို သိရှိနေကြ၍ဖြစ်ကြောင်း ဟီလာရီကလင်တန်က ထည့်သွင်းပြောကြားသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ထိုနေ့က ဟီလာရီကလင်တန်နှင့် အိုဘားမားတို့သည် အိုရီဂွန် ပြည်နယ် အကြိုရွေးကောက်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ သို့သော် မဲရေတွက်မပြီးသေးသဖြင့် ရလဒ်ကိုမသိရသေးကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။ **(အင်တာနက်)**

## အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၀၈၀ရှိသွားပြီ

**ဘဂ္ဂဒက် မေ ၂၆**

ဘဂ္ဂဒက်မြို့တော်တောင်ဘက်၌ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်က မေ၂၄ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက် ကီလိုမီတာ၂၀ခန့်အကွာ၌ မေ၂၂ရက်က ဗုံးပေါက်ကွဲသဖြင့် အမေရိကန်နိုင်ငံစုံတပ်မဌာနချုပ်တွင် တာဝန်ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း အသေးစိတ်မဖော်ပြဘဲ အမေရိကန်စစ်ဘက်က ကြေညာလိုက်ခြင်းဖြစ်သည်။ ၂၀၀၃ခုနှစ်တွင် အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကို စတင်ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၄၀၈၀ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာကဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

**မြန်မာ့အလင်း** **နိုင်ငံတကာ မှုခင်းဖြစ်ရပ်**

## ကံကြမ္မာရယ်က ကမ္ဘာခြားဖို့ဖန်လာ

ဘရက်ဖို့ဒ် မြို့ကလေးသည် ဗြိတိန်နိုင်ငံမြောက်ပိုင်းရှိ အနောက်ယော့ခ်ရှိုင်းယားနယ်တွင် ရှိသော စီရင်စု မြို့ကလေးဖြစ်ပြီး လူဦးရေ ခုနစ်သိန်းကျော် နေထိုင်ကာ အတန်အသင့်စည်ကားသည်။ ဘရက်ဖို့ဒ် မြို့ လိုင်စတာဒိုင်ကီအရပ် လမ်းသစ်လမ်းတွင် ခရစ္စတိုဖာရူအာနီနှင့်ဇနီးဖြစ်သူ ဒီယာနီရူအာနီတို့ နေထိုင်ခဲ့ကြသည်။ သူတို့ ဇနီးမောင်နှံနှစ်ဦးသည် လွန်ခဲ့သော ၃၂နှစ်ဖြစ်သည့် ၁၉၇၂ခုနှစ်က တစ်ဦးကို တစ်ဦး ချစ်ခင်စုံမက်ခဲ့ကြကာ လက်ထပ်ခဲ့ကြသည်။ ထိုစဉ်က ခရစ္စတိုဖာရူအာနီသည် အသက်၂၇နှစ်အရွယ်ရှိပြီး ဒီယာနီရူအာနီက အသက်၁၉နှစ်သာရှိသေးသည်။

**သိုက်သိုက်ဝန်းဝန်း**

သူတို့ဇနီးမောင်နှံ အိမ်ထောင်သက် ၃၂နှစ်ရသည့် ၂၀၀၄ခုနှစ်အထိ သူတို့နှစ်ဦးကြားတွင် ပြဿနာ တစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့ပေ။ ထိုအချိန်တွင်သူတို့နှစ်ဦး၌ သားသမီးငါးဦးထွန်းကားပြီး မြေးခြောက်ဦးရနေပေပြီ။ သူတို့ ဇနီးမောင်နှံ၏ သားအကြီးမှာ အသက်၃၁နှစ် အရွယ်ရှိနေပြီး သမီးအငယ်ဆုံးမှာ ၂၃နှစ်အရွယ်ရောက်ရှိနေပေပြီ။ သူတို့ မိသားစုသည် သိုက်သိုက်ဝန်းဝန်းဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြသည်။ သားသမီးငါးဦးမှာမူ အိမ်ထောင်အသီးသီးကျသွားပြီဖြစ်သဖြင့် သူတို့ ဇနီးမောင်နှံ၏ အိမ်နှင့်မလှမ်းမကမ်းတွင် သီးခြားအိမ်များဖြင့် နေထိုင်ကြသည်။

**ဝင်ထွက်နိုင်**

သူတို့၏ အိမ်ထောင်သည် သားသမီးများမှာ ဝန်ထမ်းများဖြစ်ကြသဖြင့် ရုံးပိတ်ရက်များရောက်မှသာ မိဘနှစ်ပါး၏ အိမ်သို့ ဝင်ထွက်နိုင်ကြသည်။ ရုံးဖွင့်ရက်များတွင်မူ သူတို့၏ အိမ်တွင် သူတို့ ဇနီးမောင်နှံနှစ်ဦးသာ ရှိကြလေသည်။ သူတို့ ဇနီးမောင်နှံနှစ်ဦးသည် ၂၀၀၄ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ ခရစ္စတိုဖာရူအာနီက ၅၉နှစ်အရွယ်ရောက်နေပြီး ဇနီးသည်ဒီယာနီရူအာနီမှာ အသက်၅၁နှစ် အရွယ်ဖြစ်နေပေပြီ။

ခရစ္စတိုဖာနှင့်ဒီယာနီတို့ ဇနီးမောင်နှံသည် စီးပွားရေးတောင့်တင်းသဖြင့် မတောင့်မတ၊ မကြောင့်မကြနေထိုင်နိုင်သော်လည်း အလုပ်နှင့်လက်မပြတ် နေထိုင်ချင်ကြသူများဖြစ်သဖြင့် အထည်အလိပ်ဆိုင်ဖွင့်လှစ်ရောင်းချကြသည်။ ထိုသို့အထည်ဆိုင်ဖွင့်လှစ်ရောင်းချရင်းမှ တစ်ရပ်တည်းနေ အသက်၂၆နှစ်အရွယ်ရှိ ဂျိမ်းစ်ပါတွန်နှင့်ခင်မင်ရင်းနှီးခဲ့သည်။ ဂျိမ်းစ်သည် ခိုက်ရန်ဖြစ်ပွားမှုကြောင့် လူသေမှုဖြင့် ထောင်ဒဏ်လေးနှစ်ကျခံရပြီးသည့်နောက် ၂၀၀၃ခုနှစ် နိုဝင်ဘာလတွင် ထောင်မှလွတ်မြောက်လာခဲ့သူဖြစ်သည်။ ဂျိမ်းစ်အား ထောင်ထွက် တစ်ယောက်ဖြစ်သဖြင့် လူအများစုက ဆေးဖော်ကြောဖက် မလုပ်လိုကြပေ။ သို့သော်လည်း လူတန်းစား မခွဲခြားတတ်သော ခရစ္စတိုဖာနှင့် ဒီယာနီတို့ကမူ မိတ်ဆွေရင်းချာ တစ်ဦးနှယ် ဆက်ဆံခဲ့သည်။ ဂျိမ်းစ်သည် သူတို့ ဇနီးမောင်နှံနှစ်ဦး၏ အိမ်သို့ အကြိမ်ပေါင်းများစွာ လာရောက်လည်ပတ်ကာ ဈေးကူရောင်းခဲ့သည်။

**ဒီယာနီရူအာနီ**

**ဂျိမ်းစ်ပါတွန်(ဝဲ)နှင့်ကားလ်ဘရက်ဒီ**

၂၀၀၄ခုနှစ် ဇူလိုင်၁၂ရက်တွင်မူ သူတို့ ဇနီးမောင်နှံ၏ဆိုင်တွင် အထည်ရောင်းရငွေအချို့ ပျောက်ဆုံးနေမှုကြောင့် ခရစ္စတိုဖာနှင့် ဒီယာနီတို့ ဇနီးမောင်နှံ အချေအတင်စကားများကြရတော့သည်။ ထိုအချိန်တွင် ဂျိမ်းစ်သည်လည်း သူတို့၏ ဆိုင်သို့လာလည်ကာ ဈေးကူရောင်းနေချိန်ဖြစ်သည်။ သူတို့နှစ်ဦး၏ ပြောစကားများကြောင့် သူစိမ်းဖြစ်သူ ဂျိမ်းစ်က မနေတတ် မထိုင်တတ်ဖြစ်ကာတစ်ခွန်းစနှစ်ခွန်းစ ဝင်ရောက် ပြောဆိုရာမှ သူတို့ဇနီးမောင်နှံနှင့် ဂျိမ်းစ်တို့ အကြီးအကျယ် စကားများကြရတော့သည်။ ဂျိမ်းစ်သည် သူ့တွင် အားနည်းချက်ရှိသဖြင့် အားငယ်နေချိန်တွင် သူ၏ အားနည်းချက်ကို ထိခိုက်ပြောဆိုခံရသောအခါ အထွတ်အထိပ်သို့ ရောက်အောင် ဒေါသထွက်ကာ သူ၏အိမ်သို့ ပြန်ပြီး သူ၏ သူငယ်ချင်း အသက်၂၉နှစ်အရွယ်ရှိ ကားလ်ဘရက်ဒီကို ပြန်ခေါ်ကာ ဓားကိုယ်စီကိုင်လျက် ခရစ္စတိုဖာနှင့် ဒီယာနီတို့ဇနီးမောင်နှံ၏ အိမ်သို့ ပြန်လာခဲ့သည်။

၎င်းတို့၏ အိမ်သို့ ရောက်သောအခါ အိမ်တံခါးဖွင့်ပေးသူ ခရစ္စတိုဖာ၏ လည်ပင်းကို ဂျိမ်းစ်က ဓားဖြင့်ထိုးသကဲ့သို့ ဘရက်ဒီက ခေါင်းနှင့် ခန္ဓာကိုယ်အနှံ့အပြားကို လက်သီးဖြင့်ထိုးခဲ့သည်။

**ဒဏ်ရာအပြင်းအထန်ရရှိ**

ခရစ္စတိုဖာအား ထိုကဲ့သို့ တိုက်ခိုက်နေသဖြင့် ဇနီးဖြစ်သူ ဒီယာနီက ဝင်ရောက်တားဆီးရာမှ ဂျိမ်းစ်နှင့် ဘရက်ဒီတို့သည် ဒေါသမြားဦးကို သူမဘက်သို့ လှည့်ကာ လည်ပင်းကို ဓားဖြင့်ထိုးပြီး တွန်းလှဲကာ ဒီယာနီ၏ လက်ကိုင်အိတ်နှင့် လက်ဝတ်လက်စားများကို ယူဆောင်ထွက်ပြေးခဲ့သည်။ ခရစ္စတိုဖာမှာ ဒဏ်ရာအပြင်းအထန်ရရှိပြီး ဇနီးသည်ဒီယာနီမှာ ဆေးရုံအရောက်တွင် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

**ချမှတ်**

၂၀၀၆ခုနှစ် မတ်လ ၆ရက်တွင်မူ တရားခံနှစ်ဦးက ဒီယာနီအား ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း ဝန်ခံခဲ့သည်။ မတ်လ၇ရက်တွင် ၎င်းတို့ နှစ်ဦးအနက် ကားလ်ဘရက်ဒီအား ထောင်ဒဏ် ၂၄နှစ်၊ဂျိမ်းစ်ဖာတွန်အားထောင်ဒဏ် အနစ်၂၀ အသီးသီး ချမှတ်ခဲ့သည်။

**လျှော့ချ**

သို့သော်လည်း ၎င်းတို့က ရှေ့နေ ၄ဦးက အယူခံဝင်မှုကြောင့် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၆ရက်တွင်မူ ကားလ်ဘရက်ဒီအား ထောင်ဒဏ် လေးနှစ် လျှော့ချကာ အနစ်၂၀၊ ဂျိမ်းစ်ဖာတွန်အား ထောင်ဒဏ် နှစ်နှစ် လျှော့ချကာ ၁၈နှစ်သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။

**သင်ခန်းစာယူ**

**ခရစ္စတိုဖာရူအာနီနှင့် ဒီယာနီရူအာနီတို့ ဇနီးမောင်နှံသည် အကျွမ်းမဝင်သင့်သူကို မိတ်ဆွေ ဖွဲ့ခဲ့မှု၊ စကားကို လိမ္မာစွာ ဆင်ခြင်မပြောဆိုခဲ့မှုကြောင့် တစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိကာ တစ်ဦးမှာ အသက်ဆုံးပါးခဲ့ရသည်။ ဒေါသစိတ်ကို ချုန်းဖွင့်ခဲ့သော လူငယ်နှစ်ဦးမှာလည်း ယခုအခါ ထောင်ထဲတွင် တစ်သက်တာ ပေးဆပ်နေရပေပြီ။**

**ကံကြမ္မာကြောင့် ကမ္ဘာခြားဖို့ ဖန်လာသော ခရစ္စတိုဖာရူအာနီနှင့် ဒီယာနီဂူအာနီတို့၏ ကြေကွဲဖွယ်ရာ၊ သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်ကိုရေးသားဖော်ပြလိုက်ရပါကြောင်း။ ။**

**ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်**

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ဗိုလ်မှူးကြီး သက်စိုး-ဒေါ်ဖြူဖြူအောင်တို့၏ သားတပည့်
ရန်ကုန်မြို့နေ ဦးအုန်းငွေ-ဒေါ်ကံစိန်တို့၏ တူ
ဦးထွန်းလွင်ဦး-ဒေါ်ထွေးမြင့်တို့၏ သားကြီး

**ဗိုလ်ကြီးအောင်သူရထွန်း**

B.E (Civil) (D.S.T.A)

**နှင့်**

နေပြည်တော်နေ ဦးအေးသော်(အင်ဂျင်နီယာချုပ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)-
ဒေါ်လှလှမြင့်
တို့၏ သမီးထွေး

**မဥမ္မာသော်**

B.B.A (Q), M.B.A, DA (I.C.C.I, UK)

တို့၏ ၂၅-၅-၂၀၀၈ရက် Park Royal Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွှန့်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်မဟေမာနေဝင်း အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မစုဇင်ဝေထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မသီတာဦး၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးသော ဗိုလ်ကြီးနေမျိုးထိုက်၊ ဗိုလ်ကြီးဆန်းထွဋ်တင်၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မနှင်းနှင်းဝေ၊ မဝင်းဝင်းမေတို့အား လည်းကောင်း၊ မင်္ဂလာတေးသံသာများအဖြစ် ဧည့်ခံတင်ဆက်ပေးသော The Aces တေးဂီတအဖွဲ့အား လည်းကောင်း၊ မိတ်ကပ်အလှပြင်ဆင်ပေးသော ညီညီမောင်(ကန်တော်လေး)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော မဇူဇူ[Zu Zu (Collection)]၊ ဓာတ်ပုံနှင့် ဗီဒီယိုတို့ဖြင့် မှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော မိတ်ဆွေ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း၊ Park Royal Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂၅-၅-၂၀၀၈ရက်တွင် M3 Food Center ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးအောင်သူရထွန်း-မဥမ္မာသော်။**







**ဥတုရာသီတောက်ပိုမို**

**ကျေးဇူးဆပ်ပါမည်** ကျွန်မ မအိဇာဇာဝင်း ၁၀/သဖရ(နိုင်)၀၉၁၄၈၄ ၏ နိုင်ငံကူးလက်မှတ် N0-959987 သည် ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၁-၈၁၃၉၆။**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | Water Treatment Plant | 1 Set |
| (၂) | 100 KVA Generator | 1 No |
| (၃) | Spare Parts for Rotor Machine | 1 Lot |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၂၇-၆-၂၀၀၈ရက် (၁၆း၀၀)နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဌာနတွင် ၂၇-၅-၂၀၀၈ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေးဌာန)**
**ရုံးအမှတ်၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၇၀။**

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၃) အင္ဂမတန်း(ခ) မှ မဂျူးယန်း၏ ဖခင်အမည်မှန်မှာ ဦးဇုတ်ဂျူး ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၃) အင္ဂမတန်း(ခ) မှ မဂျာလူမိုင်၏ ဖခင် အမည်မှန်မှာ ဦးဇော်အောင် ဖြစ်ပါသည်။

## အိမ်မိုးသွပ်ပြားများရောင်းရန်ရှိပါသည်

အမှန်အကယ်အသုံးပြုရန်လိုအပ်လျက်ရှိသောသူများအတွက် ၆ ပေ၊ ၇ ပေ၊ ၈ ပေ၊ ၉ ပေ၊ ၁၀ ပေ Size အမိုးသွပ်ပြားများကိုရောင်းချပေးနေပါသည်။

တစ်ဆင့်ပြန်ရောင်းချမည့်သူများအား ရောင်းပေးမည်မဟုတ်ပါ။

**ဆက်သွယ်ရန်လိပ်စာ-ဟိန်းကမ္ဘာကုမ္ပဏီလီမိတက်**

၁။ အခန်း(၁၆)၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံ
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၈၃၅၉၁။
၂။ ၈/၆၄၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၈၆၄၀၀၊ ၀၉-၅၀၀-၇၄၀၂။



## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကျောက်တလုံးလမ်း၊ အမှတ် ၃၀နေ ဦးအောင်ဆွေဦး ၇/ပတန(နိုင်)၀၆၇၈၁၅ သည် ၄င်းဝယ်ယူထားသော ရှမ်းပြည်နယ် အေးသာယာမြို့ နောင်အင်ဘုန်းကြီးကျောင်းအရှေ့၊ အကွက်အမှတ် ၃၃၊ မြေကွက် အမှတ် ၂၀၊ ဧရိယာဧက ၀ဒသမ၁၀၅၊ စတုရန်းပေ ၄၅၇၃၊ ဦးအုန်းဆွေမြင့် (ISN-၅၃၉၄၇၇) အဖ ဦးစိုးမြင့် အမည်ပေါက် မြေနှင့် အဆောက်အအုံအား တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ် ၁၂၂ နေ ဒေါ်နန်းဆိုင်နွမ်းအား ငွေကျပ်လေးဆယ့်ငါးသိန်းတိတိ(၄၅၀၀၀၀၀)ဖြင့် အသိသက်သေ လူကြီးများရှေ့ အရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။ အထက်ဖော်ပြပါအရောင်းအဝယ် ပြုလုပ်ခဲ့သော အိမ်/မြေကွက်နှင့်စပ်လျဉ်း၍ ခုနစ်ရက်အတွင်း အရှုပ်အရှင်းတစ်စုံတစ်ရာ ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်နန်းဆိုင်နွမ်း၏ညွှန်ကြားချက်အရ**
**ဒေါ်ခင်မေ(တရားရုံးချုပ်ရှေ့နေ)**
**၁၃/တကန(နိုင်)၁၄၅၉၃၉ (စဉ်-၁၅၃၈)**
**အမှတ် ၁၂၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့။**

### အမည်ပြောင်း

ရခိုင်ပြည်နယ် မင်းပြားမြို့နေ ဦးထွန်းဝေ၏ သား မင်းပြား အထက နဝမတန်းမှ မောင်ကောင်းပြည့်စုံအား မောင်အောင်ကောင်းမော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ကောင်းမော်။**

### အမြန်ပြန်လာပါ

မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ဘုရားငါးဆူရွာနေ ဦးကျော်မြင့်-ဒေါ်သိုင်းတို့၏ သား မောင်ထွန်းထွန်းနိုင် ၉/သစန(နိုင်) ၁၂၈၀၇၇ သည် နေအိမ်မှထွက်သွားပါသဖြင့် အမြန်ပြန်လာပါရန်။ မိဘများ စိတ်ပူနေသည်။ **ဦးကျော်မြင့်-ဒေါ်သိုင်း။**

## သတိပေးကြေညာချက်

ကျိုင်းတုံမြို့၊ ရပ်ကွက်(၂)၊ ကျိုင်းငမ်း ၂ လမ်း၊ အမှတ် ၁၇ နေ (Face to Face Construction Co.,Ltd.) ဆောက်လုပ်ရေးအုပ်ချုပ်မှု ဒါရိုက်တာဦးစိုင်းတစ်ရှဲန်အောင် ၁၃/ကတန(နိုင်)၀၆၂၉၉၇ သိစေရန်မှာ လူကြီးမင်းသည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးစိုင်းလုံခမ်း ၁၃/ကတန (နိုင်)၀၀၁၀၆၅ မှ စာချုပ်ဖြင့်တာဝန်ပေးအပ်သော ကျိုင်းတုံမြို့၊ ရပ်ကွက် ၂၊ လွယ်မွေလမ်း၊ အမှတ် ၁၃၂၊ ဦးပိုင်အမှတ် ၂၊ အကွက်အမှတ် ၃၉ တွင် နှစ်ထပ်အာရ်စီကွန်ကရစ်တိုက်ဆောက်လုပ်ပေးရန် (၆)လစာချုပ်လျက် ငွေများလက်ခံရယူထားပြီးဖြစ်သော်လည်း ဆက်လက် မဆောင်ရွက်သဖြင့် အဆောက်အအုံ၏(၄၀%)ရာခိုင်နှုန်းခန့်သာပြီးစီးပြီး အဆောက်အအုံ တစ်ခုလုံးမှာ စာချုပ်ပါအတိုင်း အချိန်မီပြီးစီးမည့်အနေအထားမရှိပါသဖြင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးစိုင်းလုံခမ်းထံသို့ဖြစ်စေ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်အကြောင်းပြန်ကြားခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်အမှုသည်၏ညွှန်ကြားချက်အရ**
**ဦးကြည်ဖေစိန်**
**တရားရုံးချုပ်ရှေ့နေ**
**လိုင်စင်အမှတ်(၂၃၂၀)**
**ဈေးတန်းကြီးလမ်း၊ ရပ်ကွက်(၂)၊ ကျိုင်းတုံမြို့။**

### အမည်ပြောင်း

တောင်ကုတ်မြို့ အမှတ် ၆၈ ဦးဥတ္တမလမ်းနေ အဖ ဦးဝင်းတင်၏ သား မောင်ကိုတင်သက် ၁၁/တကန(နိုင်) ၀၈၃၉၃၈ အား မောင်အောင်သက်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်သက်ထွန်း။**

### ဖခင်အမည်မှန်

မောင်ကျော်ကိုကို၏ ဖခင် အမည်မှန်မှာ ဦးဟုတ်ရီ ၆/လလန (နိုင်)၀၉၅၉၆၆ ဖြစ်ပါသည်။

## လှည်းကူးမြို့နယ်အတွင်းရှိ မုန်တိုင်းကြောင့် ပျက်စီးသွားသော ကျောင်းနှင့် ဆေးရုံများပြုပြင်ဆင်

**ရန်ကုန် မေ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် အေးရိပ်ငြိမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများလိုက်ပါလျက် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော လှည်းကူးမြို့နယ်ရှိ စာသင်ကျောင်းများအား သတ်မှတ်ထားသောကျောင်းဖွင့်ရက်အမီ ပြုပြင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆေးရုံနှင့် ဆေးခန်းများ ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ထပ်မံလိုအပ်မည့် သွပ်၊ သံနှင့် သစ်များရရှိရေးအတွက် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

27-5 (14).pmd 1 5/27/2008, 2:35 AM

# ဂျွန်မက်ကိန်းအနိုင်ရရေး မဲဆွယ်စည်းရုံးမှုအဖွဲ့မှ ထိပ်တန်းဘဏ္ဍာရေးအကြံပေးတစ်ဦး တာဝန်မှနုတ်ထွက်ပြန်

ဝါရှင်တန် မေ ၂၆

**ရီပတ်ဘလီကင်ပါတီ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း(အောက်ပုံ)၏ သမ္မတရွေးကောက်ပွဲ ယှဉ်ပြိုင်အနိုင်ရရေး မဲဆွယ်စည်းရုံးမှုအဖွဲ့၏ ထိပ်တန်းဘဏ္ဍာရေးရာ အကြံပေးပုဂ္ဂိုလ် သောမတ်လီယိုဖလာသည် သူ၏ မဲဆွယ်တရားဟောလုပ်ငန်းများနှင့် ဆက်စပ်မှုကြောင့် အကြံပေးတာဝန်မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း မေ၁၉ရက်တွင် အတည်ပြုကြေညာသည်။**



ဂျွန်မက်ကိန်း၏ မဲဆွယ်စည်းရုံးရေးအဖွဲ့မှ အလားတူ မဲဆွယ်တရားဟောမှုများနှင့် ဆက်စပ်မှုရှိသဖြင့် တာဝန်မှနုတ်ထွက်သူများမှာ မကြာမီကာလအတွင်းတွင် ငါးဦးရှိသွားပြီ ဖြစ်သည်။

### တိုက်တွန်းထား

ဂျွန်မက်ကိန်းကလည်း သူ့မဲဆွယ်စည်းရုံးရေးအဖွဲ့တွင်ပါဝင်သည့် အကြံပေးပုဂ္ဂိုလ်များအနေဖြင့် အခြားသော ဆွယ်တရားဟောလုပ်ငန်းများနှင့် အဆက်ဖြတ်ကြရန် သို့မဟုတ် အဆက်အသွယ်မပြတ်နိုင်လျှင် တာဝန်မှနုတ်ထွက်ကြရန် ပြီးခဲ့သည့်ရက်သတ္တပတ်က တိုက်တွန်းထားသည်။

သောမတ်လီယိုဖလာ၏ ကုမ္ပဏီသည် ၂၀၀၂ခုနှစ်နောက်ပိုင်း မဲဆွယ်တရားဟောမှုကြောင့် ဆော်ဒီအာရေဗျနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၅ သန်းနီးပါး ရသည့်အပြင် ပြင်သစ်လေယာဉ်ကုမ္ပဏီအတွက် အမေရိကန်စစ်ဌာနချုပ်ကန်ထရိုက်ရစေမှုအပါအဝင် အခြားသောနိုင်ငံခြား ကုမ္ပဏီများထံမှ ဒေါ်လာသန်းပေါင်းများစွာ ရရှိခဲ့သည်။ **(အင်တာနက်)**



# အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဖီးနစ် အင်္ဂါဂြိုဟ်မြောက်ဘက်စွန်း၌ ဆင်းသက်

ဝါရှင်တန် မေ ၂၆

နာဆာမှစေလွှတ်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်ဖီးနစ်(အပေါ်ပုံ)သည် အင်္ဂါဂြိုဟ်၏အလွန်အေးမြသော မြောက်ဘက်စွန်းအရပ်၌ မေ၂၄ ရက်က ဆင်းသက်လိုက်ပြီဖြစ်ကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။

ဖီးနစ်အမည်ရှိ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် အာကာသအတွင်း မိုင်ပေါင်း ၄၂၂သန်း ဖြတ်သန်းမောင်းနှင်ခဲ့ပြီးနောက် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ် ဖီးနစ်အနေဖြင့် ထိုသို့ အာကာသအတွင်း မောင်းနှင်ပျံသန်းရာ၌ တစ်နာရီလျှင် မိုင်၁၃၀၀၀နှုန်းဖြင့် မောင်းနှင်ခဲ့ခြင်း ဖြစ်သည်။

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဖီးနစ်သည် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်အနေအထားကို ခေတ်မီကိရိယာများဖြင့် ပုံဖော်သွားမည်ဖြစ်ပြီး အင်္ဂါဂြိုဟ်မျက်နှာပြင် မြောက်ဘက်စွန်းရှိ အလွန်အေးမြသော နေရာများ၌လည်း မျက်နှာပြင် အနေအထားကို အသေးစိတ် လေ့လာသုတေသနပြုသွားမည် ဖြစ်သည်။

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဖီးနစ်သည် အင်္ဂါဂြိုဟ်မြောက်ဘက်စွန်းရှိ ရေခဲပြင်များဖုံးလွှမ်းနေသည့် နေရာများသို့ သွားရောက်ကာ အသေးစိတ် လေ့လာမှုများ ပြုလုပ်သွားမည် ဖြစ်သည်။ (အင်တာနက်)

**အာကာသသိပ္ပံ**

**နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ**

**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊တင်မာဝင်းနှင့် အေးသန္တာသိန်း**

# အမေရိကန်၏ ဒုံးပျံကာကွယ်ရေးအစီအစဉ် တရုတ်နှင့် ရုရှား ပူးတွဲဆန့်ကျင်

ပေကျင်း မေ ၂၆

အမေရိကန်၏ တစ်ကမ္ဘာလုံး ဒုံးပျံကာကွယ်ရေးအစီအစဉ်ကို ရုရှားနှင့်တရုတ်တို့က ပြစ်တင်ရှုတ်ချလိုက်ပြီး အမေရိကန်၏ ယင်းအစီအစဉ်ကြောင့် နိုင်ငံတကာ လက်နက်ဖျက်သိမ်းရေး ကြိုးပမ်းမှုများကို အတားအဆီး အဟန့်အတားများ ဖြစ်စေလိမ့်မည်ဟု ကြေညာသည်။

ဩ့သည်တော် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် တရုတ်သမ္မတ ဟူကျင်တောင်တို့၏ ပူးတွဲကြေညာချက်တွင် အထက်ပါအတိုင်း ကြေညာလိုက်သည်။

### လုံခြုံရေး

ဥရောပတိုက်တွင် ဖြန့်ကြက်ရန် စီစဉ်မှုအပါအဝင် အမေရိကန် ဒုံးပျံကာကွယ်ရေးအစီအစဉ်မှာ အမေရိကန်က သူ့နိုင်ငံနှင့်တကွ မဟာမိတ်နိုင်ငံများ၏ လုံခြုံရေးအတွက် ဖြစ်ကြောင်း ကြေညာထားသည်။

### ပထမအကြိမ်

ရုရှားနှင့်တရုတ်တို့သည် အဆိုပါ အမေရိကန်အစီအစဉ်ကို မူလကပင် ဆန့်ကျင်ကြသည်။ သို့သော် နှစ်နိုင်ငံ ပူးတွဲဆန့်ကျင်ကြောင်း ကြေညာခြင်းမှာ ယခုအခါ ပထမအကြိမ်ဖြစ်သည်။ **(အင်တာနက်)**

# ဘဝအမောပြေ

## ကူညီလိုသူ ....

မြစ်ကမ်းနဖူးထိပ်တွင် မျက်စိမှိတ်ပြီး မတ်တတ်ရပ်နေသူတစ်ဦးကို တွေ့ရှိသဖြင့် ကူညီလိုသူတစ်ဦး အပြေးအလွှား ရောက်ရှိလာလေသည်။

**ကူညီလိုသူ** ။ ။မိတ်ဆွေ… ဒီလိုမလုပ်ပါနဲ့၊ လူဘဝကတန်ဖိုးရှိပါတယ်။

**မတ်တတ်ရပ်နေသူ·** ။ ။မည်သည့်စကားမျှ ပြန်မပြောပေ။

**ကူညီလိုသူ** ။ ။မိတ်ဆွေ… စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။ အရမ်းမဆုံးဖြတ်ပါနဲ့။

**မတ်တပ်ရပ်နေသူ** ။ ။မည်သည့်စကားမျှ မတုံ့ပြန်ပေ။

**ကူညီလိုသူ** ။ ။မိတ်ဆွေ… သတိထားပါဗျာ… ဒီလိုမကြံစည်ပါနဲ့…။

**မတ်တတ်ရပ်နေသူ** ။ ။ဒီမှာ ကိုယ့်လူ… ကျန်းမာရေးအတွက် လေကောင်းလေသန့် လာရှူနေတာဗျ။ ဘာတွေလာပြောနေတာလဲ။

**ကူညီလိုသူ** ။ ။''ဟိုက်''

# အာဖရိက၌ စာတတ်မြောက်မှုအများဆုံး ကင်မရွန်းသမ္မတနိုင်ငံ

**သတင်းအက်ဆေး**

*ကင်မရွန်းသမ္မတနိုင်ငံသည် အာဖရိကတိုက်အလယ်ပိုင်း အနောက်ဘက်ဒေသတွင် တည်ရှိသည်။ ဗြိတိသျှကိုလိုနီဟောင်း ကင်မရွန်းနှင့် ပြင်သစ်ကိုလိုနီဟောင်း ကင်မရွန်းတို့ ၁၉၆၁ခုနှစ်တွင် ပေါင်းစည်းလိုက်ပြီးနောက် မျက်မှောက် ကင်မရွန်းနိုင်ငံ ဖြစ်လာခဲ့သည်။*

### ရုန်းကန်ခဲ့ရ

*ထိုအချိန်ကစ၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခဲ့သည့် တစ်ပါတီစနစ်မှ ပါတီစုံစနစ် ကူးပြောင်းရေးအတွက် ရုန်းကန်ခဲ့ရသည်။*

*ကင်မရွန်းတွင် ပေါ်တူဂီတို့က ၁၅၂၀ပြည့်နှစ်တွင် ကြံစိုက်ပျိုးရေး လုပ်ငန်းစတင်ပြီး ကျွန်ကုန်ကူးခဲ့သည်။ ၁၆၀၀ပြည့်နှစ်များတွင် ကျွန်ကုန်ကူးမှုကို ပေါ်တူဂီတို့လက်မှ ဒတ်ချ်တို့က ရယူလိုက်သည်။ ၁၈၈၄ခုနှစ်တွင် ဂျာမနီက ကင်မရွန်းကို စောင့်ရှောက်ခံနိုင်ငံအဖြစ် သိမ်းယူသည်။ ၁၉၁၆ ခုနှစ်တွင် ဗြိတိန်နှင့်ပြင်သစ်တပ်များကို ဂျာမန်တို့က ကင်မရွန်းမှ နှင်ထုတ်သည်။ ၁၉၁၉ခုနှစ်တွင် မြောက်ပိုင်းနှင့် တောင်ပိုင်းဟူ၍ ဗြိတိသျှနှင့် ပြင်သစ်တို့ ခွဲဝေယူကြသည်။ ဗြိတိသျှက နယ်မြေ၏ ၂၀ရာခိုင်နှုန်းရှိ မြောက်ပိုင်းကိုသိမ်းယူပြီး ပြင်သစ်က နယ်မြေ၏ ၈၀ရာခိုင်နှုန်းရှိသော တောင်ပိုင်းကို ယူသည်။*

*၁၉၅၈ ခုနှစ်တွင် ပြင်သစ်ပိုင် ကင်မရွန်းကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည်။ ဝန်ကြီးချုပ်မှာ အမာဒိုအဟီဂျိုဖြစ်သည်။ ၁၉၆၀ပြည့်နှစ်တွင် ပြင်သစ်ကင်မရွန်း လွတ်လပ်ရေးရသွားသည့်အခါ အဟီဂျိုက သမ္မတတာဝန်ယူလိုက်သည်။ နိုင်ငံက ကင်မရွန်းသမ္မတနိုင်ငံ ဖြစ်လာသည်။*

*၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ဗြိတိသျှပိုင်ကင်မရွန်းတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပသည်။ မြောက်ပိုင်းက နိုင်ဂျီးရီးယားနိုင်ငံနှင့် ပေါင်းလိုက်ပြီး တောင်ပိုင်းဗြိတိသျှပိုင် ကင်မရွန်းက ကင်မရွန်းသမ္မတနိုင်ငံနှင့် ပူးပေါင်းကာ ကင်မရွန်းဖက်ဒရယ်သမ္မတနိုင်ငံ ဖြစ်လာခဲ့သည်။*

### တရားဝင်ပါတီ

*၁၉၆၁-၆၃ ခုနှစ်များတွင် ကင်မရွန်းပြည်သူ့ပါတီ၏ လှုံ့ဆော်မှုကြောင့် ပုန်ကန်ထကြွမှုဖြစ်ပွားရာတွင် ပြင်သစ်တပ်များ၏ အကူအညီဖြင့် နှိမ်နင်းယူရသည်။ ၁၉၆၆ခုနှစ်တွင် ပါတီကြီးခြောက်ခုကို အမျိုးသားကင်မရွန်းသမဂ္ဂအဖြစ်ထူထောင်ကာ တစ်ခုတည်းသော တရားဝင်ပါတီ ဖြစ်လာသည်။*

*၁၉၇၂ခုနှစ်တွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပြီးနောက် ကင်မရွန်းနိုင်ငံသည် ယူနစ်ထရီနိုင်ငံဖြစ်လာပြီး ညီညွတ်သော ကင်မရွန်းသမ္မတနိုင်ငံဟု အမည်ပြောင်းလိုက်သည်။*

*၁၉၈၂ခုနှစ်တွင် ရာထူးမှထွက်သည့် သမ္မတအဟီဂျို၏ အရိုက်အရာကို ဝန်ကြီးချုပ် ပေါလ်ဘီယာက ဆက်ခံသည်။ ၁၉၈၃ခုနှစ်တွင် ပေါလ်ဘီယာက အဟီဂျိုအား အာဏာသိမ်းရန် ကြိုးကိုင်ကြောင်း စွပ်စွဲခံရအပြီးတွင် အဟီဂျိုပြည်ပသို့ ထွက်ခွာသွားသည်။ ၁၉၈၉ခုနှစ်တွင် ဆီနီဂေါနိုင်ငံ၌ အဟီဂျိုကွယ်လွန်သွားသည်။*

### ပြန်လည်ရွေးချယ်

*၁၉၈၄ခုနှစ်တွင် ပေါလ်ဘီယာမှာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ နိုင်ငံကိုလည်း ကင်မရွန်းသမ္မတနိုင်ငံအဖြစ် အမည်ပြောင်းလိုက်သည်။ သမ္မတပေါလ်ဘီယာမှာ ၁၉၉၂ခုနှစ် အောက်တိုဘာလ ပထမဆုံး ပါတီစုံသမ္မတရွေးကောက်ပွဲတွင် ပြန်လည်ရွေးချယ်ခံရသည်။*

*၁၉၉၄ ခုနှစ်တွင် နှစ်နိုင်ငံ အငြင်းပွားသည့် ရေနံကြွယ်ဝသော ဘာကာက်ဆီကျွန်းဆွယ်နှင့်ပတ်သက်၍ ကင်မရွန်းနှင့် နိုင်ဂျီးရီးယားတို့ တိုက်ပွဲဖြစ်သည်။ ၁၉၉၆ခုနှစ်မေလတွင် ကုလသမဂ္ဂက ကြားဝင်စေ့စပ်ပေးရေး နှစ်နိုင်ငံ သဘောတူသည်။ ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် ရေနံကြွယ်ဝသည့် ဘာကာက်ဆီကျွန်းဆွယ်ကို ကင်မရွန်းရယူရန် နိုင်ငံတကာတရားရုံး (အိုင်စီဂျေ)က ဆုံးဖြတ်သည်။ သို့သော် ထိုဒေသကိုတပ်စွဲထားသည့် နိုင်ဂျီးရီးယားနိုင်ငံက ထိုဆုံးဖြတ်ချက်ကို ပယ်ချသည်။ ၂၀၀၄ခုနှစ်စက်တင်ဘာလ နောက်ဆုံးထား၍ ကင်မရွန်းသို့ နိုင်ဂျီးရီးယားနိုင်ငံက လွှဲအပ်ရန် ပျက်ကွက်သည်။ ၂၀၀၆ခုနှစ်ဇွန်လတွင် နှစ်နိုင်ငံအငြင်းပွားမှု အဆုံးသတ်ရေးအတွက် တပ်များရုပ်သိမ်းပေးရန် နိုင်ဂျီးရီးယားနိုင်ငံက လက်ခံသဘောတူသည်။ ထိုနှစ် ဩဂုတ်လတွင် နိုင်ဂျီးရီးယားတပ်များ ရုပ်သိမ်းပြီးနောက် ဘာကာက်ဆီကျွန်းဆွယ်လွှဲပြောင်းရေးအခမ်းအနား ကျင်းပသည်။ ၂၀၀၇ခုနှစ်တွင် ကင်မရွန်းသမ္မတနိုင်ငံသို့ ဘာကာက်ဆီကျွန်းဆွယ် လွှဲအပ်ရေးနှင့် နိုင်ငံသဘောတူညီချက်ကို နိုင်ဂျီးရီးယား အထက်လွှတ်တော်က ကန့်ကွက်သည်။*

*ကင်မရွန်းသမ္မတနိုင်ငံတွင် ၁၉၈၆ခုနှစ်က ရေကန်ညိုက အဆိပ်ဓာတ်ငွေ့များ ထွက်သဖြင့် လူ ၁၇၀၀ ကျော် သေဆုံးသည့်အတွက် ဟိုးလေးတကျော်ဖြစ်ခဲ့သည်။*

### အနိုင်ရ

*၎င်းနိုင်ငံသည် သမ္မတအဟီဂျိုလက်အောက်တွင် နှစ်ပေါင်းများစွာ ဖိနှိပ်အုပ်ချုပ်ခံရသည်။ ရာထူးဆက်ခံသူ သမ္မတပေါလ်ဘီယာသည် ၁၉၉၇ခုနှစ် အောက်တိုဘာလ သမ္မတရွေးကောက်ပွဲ ၂၀၀၄ခုနှစ် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတို့တွင် အနိုင်ရကာ နောက်ထပ်သမ္မတသက်တမ်း ခုနစ်နှစ်အတွက် တာဝန်ထမ်းဆောင်ရဦးမည် ဖြစ်သည်။*

*၎င်းနိုင်ငံသည် အာဖရိကတိုက်တွင် စာတတ်မြောက်မှုနှုန်း အမြင့်ဆုံးဖြစ်သည်။ သို့သော် တစ်ချိန်တည်းမှာပင် ကမ္ဘာပေါ်၌ အဂတိလိုက်စားမှု အမြင့်ဆုံးအဆင့်တွင် ရောက်ရှိနေပြန်သဖြင့် တိုးတက်သင့်သလောက် မတိုးတက်ခြင်း ဖြစ်သည်။*

*သည်ကြားထဲ လောင်စာဆီဈေးနှုန်းတက်မှုကို အကြောင်းပြု၍ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဆန္ဒပြကန့်ကွက်မှုများ ပေါ်ပေါက်ခဲ့သည်။ ဧပြီလအတွင်းကလည်း သမ္မတပေါလ်ဘီယာအား ၂၀၁၁ခုနှစ် ရွေးကောက်ပွဲဝင်ခွင့်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို ပါလီမန်ကအတည်ပြုပေးသဖြင့် အတိုက်အခံများက မကျေမနပ်ဝေဖန် ပြောကြားနေကြပါကြောင်း။ ။*

***ကိုးကား-အင်တာနက်*** **တိုး-ရေးသားသည်**

# အထပ်မြင့် အဆောက်အအုံများ ကြီးကြပ်ရေးကော်မတီ ညှိနှိုင်းစည်းဝေး သဘာဝဘေးအန္တရာယ်ခံနိုင်သော အဆောက်အအုံများဖြစ်ရေး ဆောင်ရွက်

မန္တလေး မေ ၂၀

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် မေ ၇ရက်မွန်းလွဲ ၂နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အထပ်မြင့်အဆောက်အအုံများ ကြီးကြပ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)သို့ တက်ရောက် အမှာစကားပြောကြားသည်။**(ယာပုံ)

ရှေးဦးစွာ အထပ်မြင့်အဆောက်အအုံများ ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပု၊ အထပ်မြင့် အဆောက်အအုံများ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မန္တလေး မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဝင်းနှင့် အထပ်မြင့်အဆောက်အအုံကြီးကြပ်ရေးကော်မတီဝင်များ ဖြစ်ကြသော မန္တလေး နည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာန၊ မန္တလေးတိုင်း မီးသတ်ဦးစီးဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရေနှင့် သန့်ရှင်းမှုဌာန၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတို့မှ တာဝန်ရှိသူများက အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ခိုင်ခံ့မှုရှိရေး၊ ဒီဇိုင်းအရတွက်ချက်ရရှိသော စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ရေး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီတည်ဆောက်ရေး၊ သဘာဝဘေး အန္တရာယ်များ ဒဏ်ခံနိုင်ရည်ရှိသော အရည်အသွေးပြည့်ဝသည့် အဆောက်အအုံများ အဖြစ် တည်ဆောက်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရေး၊ အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် အခြေခံ လိုအပ်ချက်များဖြစ်သော ရေသုံးစွဲမှုစနစ်၊ လျှပ်စစ်မီး သုံးစွဲမှုစနစ်၊ အမှိုက်စွန့်ပစ်မှုစနစ်၊ မိလ္လာစွန့်ပစ်မှုစနစ်၊ မီးငြိမ်းသတ်မှု စနစ်များ ထည့်သွင်းစဉ်းစားဆောင်ရွက်ရေးတို့အတွက် တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသော အထပ်မြင့် အဆောက်အအုံ ဆောက်လုပ်သူပိုင်ရှင်များ၊ ဒီဇိုင်းတွက်ချက်သူများ၊ တာဝန်ခံဆောက်လုပ်သော အင်ဂျင်နီယာများ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် အထပ်မြင့် အဆောက်အအုံများ ကြီးကြပ်ရေး ကော်မတီဝင်များက မိမိတို့ လုပ်ငန်းအပိုင်းလိုက် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

## တည်ဆောက်ရေး

ယင်းဆွေးနွေးချက်များ အပေါ် မြို့တော်ဝန်က မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်မြေတွင်အထပ်မြင့် အဆောက် အအုံများ ဆောက်လုပ်မှု များပြားလာခြင်းသည် မန္တလေးမြို့တော်၏ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်ဖြစ်ကြောင်း၊အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဒီဇိုင်းတွက်ချက်သူ၊ တာဝန်ခံဆောက်လုပ်သော အင်ဂျင်နီယာနှင့် ပိုင်ရှင်တို့က ရေရှည်တည်တံ့ရေး၊ သတ်မှတ်စံချိန်စံညွှန်းမီရေးတို့အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တည်ဆောက်ရေးအတွက် ဖြည့်စွက်မှာကြားသည်။

ယင်းအထပ်မြင့် အဆောက်အအုံများကြီးကြပ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)တွင် အောင်မြေသာစံမြို့နယ်၌ ငါးထပ်မှရှစ်ထပ်အထိ အဆောက်အအုံ ခြောက်လုံး၊ ချမ်းအေးသာစံမြို့နယ်တွင် ငါးထပ်မှ ကိုးထပ်အထိ အဆောက်အအုံ၂၄လုံး၊ မဟာအောင်မြေမြို့နယ်တွင် ငါးထပ်မှ ရှစ်ထပ်အထိ အဆောက်အအုံရှစ်လုံး စုစုပေါင်း၃၈လုံး၏ တည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနကတင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၃၁၃)**

# မိုင်းဖြတ်မြို့၌ ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် သက်ကြီးပူဇော်

မိုင်းဖြတ် မေ ၂၃

မိုင်းဖြတ်မြို့နယ်၏ (၁၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ၇ရက် နံနက်စနာရီခွဲက ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောဝိဒအမှူးပြုသော သံဃာတော်အရှင်သူမြတ်၂၉၁ပါးတို့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှေ့မှ တောင်တန်း သာသနာကျောင်းတိုက်ရှေ့ထိ ပြည်ထောင်စုလမ်းမအတိုင်း ဆွမ်းဆန်စိမ်းခံတော်မူကြသည်။

## ဆက်ကပ်လောင်းလှူ

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့် ဇနီး ဒေါ်အေးအေးနွဲ့ဦးဆောင်သော တပ်မတော်အရာရှိများနှင့် ဇနီးများ၊ ခရိုင် ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် ဇနီးဒေါ်ခင်စောဝေ၊ မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်မိုးနီနီလွင်တို့ဦးဆောင်သော ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များနှင့်စေတနာရှင်ပြည်သူတို့က ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

ဆက်လက်၍ မွန်းတည့်၁၂နာရီတွင် (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပရာ အသက်၈၀အထက်အဘိုး၊ အဘွား၄၀တို့အား ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့်ဇနီး ဒေါ်အေးအေးနွဲ့၊ ခရိုင်ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် ဇနီးဒေါ်ခင်စောဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်မိုးနီနီလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဩဝါဒခံယူကာ ကန်တော့ကြပြီး ဂါရဝပြုပစ္စည်းများ လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၂၇ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ တိုက်(၆)အမှတ်(၂၀၂)A ၄ဝါလမ်းမှ မြို့နယ်သတင်းထောက် ဦးနိုင်ဝင်းက စာကြည့်တိုက်အခြေခံပညာစာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းစဉ်။**
(၁၁၄)

# မီးသတ်လုပ်ငန်း ရည်ရွယ်ချက်ရှင်းလင်း

ပြင်ဦးလွင် မေ ၁၂

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက်က ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံ မြေတိုင်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက မီးသတ်တပ်ဖွဲ့စတင်ဖြစ်ပေါ်လာပုံနှင့်မီးသတ်လုပ်ငန်း၏ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မရပ်ကွက်များမှ ဂုဏ်ပြုဆုရ အရန်မီးသတ်တပ်ဖွဲ့ဝင်တို့အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်နှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၀၈၈)**

**ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် 400 KVA ထရန်စဖော်မာ ခေတ္တချွတ်ယွင်း၍ ပြန်လည်တပ်ဆင်နေမှုကို မေ၁ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် လက်ထောက်အင်ဂျင်နီယာဦးခင်မောင်လတ်တို့ လျှပ်စစ်ရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ရေပေးနိုင်ရန် ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)

# အမြို့မြို့ အနယ်နယ် သတင်းများ

# မိုးကောင်းမြို့၌ မီးသတ်တပ်ဖွဲ့နေ့ စုပေါင်းသန့်ရှင်း

မိုးကောင်း မေ ၂၄

(၆၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အရန်မီးသတ်တပ်ရင်းဒုတိယတပ်ရင်းမှူးဦးဆိုင်းနော် ဦးဆောင်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၈၀တို့သည် မေ၅ရက်က မြို့နယ် ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင်ချုံနွယ်များခုတ်ထွင်ခြင်း၊ အမှိုက်သရိုက်ရှင်းလင်းသိမ်းဆည်းခြင်း၊ ရေမြောင်းများပြုပြင်တူးဖော်ခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။ **(၀၀၁)**

# အမျိုးသမီးများယဉ်ကျေးစွာ ဝတ်စားဆင်ယင်မှုပညာပေး

ပခုက္ကူ မေ ၂၀

ပခုက္ကူခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏အမျိုးသမီးများ ယဉ်ကျေးစွာ ဝတ်စားဆင်ယင်မှုပညာပေးနှင့် အမျိုးသမီးများအား ယဉ်ကျေးမှုဆိုင်ရာ ပညာပေးဟောပြောပွဲအခမ်းအနားကို မေ ၁၈ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်တေဇာမြတ်ထွေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ယဉ်မင်းသူနှင့်အဖွဲ့ဝင်များ၊ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(၀၇၀)**

**ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ ဗဟိုဈေးကြီးအတွင်း ဈေးဆိုင်များတွင် အိုင်အိုဒင်းဆားရောင်းချခြင်း ရှိမရှိကို ဧပြီ၂၅ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်သက်ဦးနှင့်အဖွဲ့ ကြီးကြပ် စစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)

# ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက် ပညာဒါနသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် လေးဒေါင့်ကန်လမ်းမကြီး(ဘဝမြင့်မှတ်တိုင်အနီး)ရှိ ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက်၌ ပဓာနနာယက ဆရာတော် ဦးစီး၍ ပညာဒါနသင်တန်းများအဖြစ် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်ဘာသာ(အရေး၊အဖတ်၊ အပြော၊ဘာသာပြန်) အထူးသင်တန်းများကို ဇွန်၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါ သင်တန်းတွင်Top English မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးမိုးမြင့်မောင်(ဆရာဝီလျံ)နှင့် ဦးစိုးငြိမ်း Tokyo Japan စသည့်ဝါရင့်ဆရာဆရာမများက ပညာဒါန အဖြစ်သင်ကြားပို့ချလျက်ရှိသည်။ သင်တန်းကာလမှာ နှစ်လဖြစ်ပြီး သင်တန်းနှင့်ပတ်သက်၍ သိလိုသော အချက်အလက်များကို ဖုန်း-၅၆၀၇၄၃သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**မေ ၉ရက်က ဖြူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဆောင်ရွက်သော ဖြူးမြို့ တာခြားရပ်ရှိ စက်ရေတွင်း၊ ရေစင်နှင့် ရေလှောင်ကန်၊ ရေပေးရေး လုပ်ငန်းများကို တာဝန်ခံ အင် ဂျင် နီ ယာ ဦး ဇော် ဇော် စန်း ကြီးကြပ်ပေးစဉ်။**
(မြို့နယ်စည်ပင်)



## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၂၁၃၂၉ လုံစင်း 110 ယာဉ်လက်ဝယ်ရှိသူ ဦးရန်မျိုးအောင် ၈/တတက(နိုင်)၀၉၄၉၇၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)အမှုပြီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်းမြို့)။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၃၃၉၄၉ ချန်ဖီးဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူဦးလှဆောင် ၅/တလတ(နိုင်)၀၂၇၂၃၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်းမြို့)။**



## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၂၄၉၄ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နန္ဒာထွန်း ၉/မနတ(နိုင်)၁၀၁၆၂၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၄၈၉၅ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းဝင်း ၉/မနမ(နိုင်)၀၀၂၁၈၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၁၃၂၅ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၉/မနတ(နိုင်)၀၆၇၁၉၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၀၀၉၈ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းမြတ်သန္တာ ၉/ခအဇ(နိုင်)၀၁၀၈၂၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၈၉၀၈ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးရဲသူရသန်း ၉/မရမ(နိုင်)၀၄၂၉၄၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၉၉၅၄ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မောင် ၉/မနမ(နိုင်)၀၂၉၇၄၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၁၇၁၄၃ ဟန်ဆင်း 110 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၅/ကဘလ(နိုင်)၁၃၄၃၁၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လားရှိုး)။**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ယ/၂၉၈၅၁ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်လှဲ ၉/ပကခ(နိုင်)၀၀၃၂၆၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၈၂၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းထွန်း ၉/မနမ(နိုင်)၀၉၉၀၂၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### ရန်ကုန်တိုင်းတရားရုံး
### ၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၃၈၆

ဦးကိုကိုလေး **နှင့်** ၁။ ဒေါ်ခင်စိုးသော် ၂။ ဒေါ်ကေသီခိုင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၂၅၁တွင် နေထိုင်ခဲ့ဖူးသူ ဒေါ်ကေသီခိုင်သိစေရမည်။

သင့်အပေါ်၌ ဦးကိုကိုလေးက မြေကွက်တန်ဖိုး ကျန်ငွေ ကျပ်သိန်း၁၂၀ အတွက် ၁၉-၈-၂၀၀၄ရက်စွဲဖြင့် ကြိုတင်ချုပ်ဆိုပေးထားသော တိုက်ခန်းအရောင်းအဝယ်စာချုပ်ပါ တိုက်ခန်းကို တရားပြိုင်ကလက်ခံ၍ တရားလိုဝယ်ယူထားသော မြေကွက်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုကာ ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်)မြေကွက်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လက်ရောက်ပေးအပ်နိုင်ပါက တရားပြိုင်လက်ခံရယူထားသည့် ငွေသား ၈၁သိန်းကို တရားလိုထံပြန်လည်ပေးအပ်ပြီး မြေကွက်ဖိုးပေးရန်ကျန်ငွေသိန်း ၁၂၀အတွက် ကြိုတင်ချုပ်ဆိုပေးထားသော တိုက်ခန်းအရောင်းအဝယ်စာချုပ်ကို ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဇွန် ၃ရက်(၁၃၇၀ပြည့်နှစ်ကဆုန်လကွယ်နေ့) မွန်းမတည့်မီ နံနက် ၉း၃၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူတရားလိုစွဲချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၀၈ခုနှစ် မေ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်ဆွေရီ**
**တွဲဖက်တိုင်းတရားသူကြီး(၁)**
**ရန်ကုန်တိုင်းတရားရုံး။**

## ရောင်းရန်ကြော်ငြာ

### တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
### မိတ္ထီလာခရိုင်တရားရုံး
### ၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -(၁၃၂/၂၀၀၇)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဒေါ်ဝင်းကြည် မိတ္ထီလာမြို့။

**တရားနိုင်** **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်-၇တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ခုနှစ် ဇွန် ၂၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် အကွက်အမှတ် (၆/ဆေးရုံအရှေ့) ဦးပိုင်အမှတ် (၁၄၁/ခ) မြေကွက်အမှတ် (၉၆/၂၀၇) မြေချိန်ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂၇×၂၇)ပေရှိနှစ်ထပ်တိုက် (၁၂×၂၇×၄)ပေရှိမြေအောက်ခန်းနှင့်တွဲလျက် (၂၀×၁၀)ပေရှိကားဂိုဒေါင် (၁၀×၁၆)ပေရှိတစ်ထပ် မီးဖိုချောင်၊ ရေချိုးခန်း၊ အုတ်ရေကန် နှစ်လုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း၇၀။**

**ရောင်းချရန် စည်းကမ်းချက်များ**

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ခင်မောင်အေး**
**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာမြို့။**

**ဖခင်အမည်မှန်** ကျိုင်းတုံမြို့ အထက(၁) နဝမတန်း(က)အောင်မှ မခိုင်နွယ်ဝင်းနှင့် သတ္တမတန်း(က)အောင်မှ စိုင်းလောင်လျှန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆိုက်လီး ၁၃/ကတန(နိုင်) ၀၀၁၈၄၈ ဖြစ်ပါသည်။ **ဦးစိုင်းဆိုက်လီး**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ဒလမြို့ ကမာကဆစ်ရပ်ကွက်ရှိ ကမာကဆစ် အနောက်ကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၌ ဦးစီးပဓာန နာယကဆရာတော်ထံ သင်္ကန်းဒွိစုံငါးစုံနှင့် လေဘေးသင့် မိသားစုများအတွက် ငွေကျပ် ၁၀သိန်းကျော် တန်ဖိုးရှိ မိုးကာဂျာကင်၊ ဦးထုပ်၊ အနွေးထည်၊ လက်ကိုင်အိတ်နှင့် ခရီးဆောင်အိတ်များ အပါအဝင် အဝတ်အထည်များ စုစုပေါင်း ၁၀၀ကျော် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# နယ်စပ်ဒေသ အိမ်တွင်းမှု သင်တန်းကျောင်းများ သင်တန်းဖွင့်

ရန်ကုန် မေ ၂၆

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၈)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၀)၊ သိုးမွေး စက်ဆွဲသင်တန်း အမှတ်စဉ်(၇)၊ အိမ်တွင်းမှု လက်မှုသင်တန်း (ကြိမ်) အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းအသီးသီးသို့ သင်တန်းသူ ၃၂ဦး တက်ရောက်ကာ တိုင်းမှူးက သင်တန်းကျောင်းသို့ ငွေကျပ်သုံးသိန်း လှူဒါန်းသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၈)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၀)၊ အိမ်တွင်းမှု လက်မှုသင်တန်း(ကြိမ်) အမှတ်စဉ်(၂)၊ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၀ ရက်က သင်တန်းကျောင်း ခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ သင်တန်းသူ ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်၊ တာချီလိတ်၊ ကချင်ပြည်နယ် ပူတာအို၊ ဗန်းမော်၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီး၊ နန်းယွန်း၊ လေရှီး၊ လဟယ်၊ မကွေးတိုင်း၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲများကို ကျင်းပသည်။ သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွား၊ အပြန်ခရီးစရိတ်များ၊ နေထိုင်စားသောက် စရိတ်များနှင့် သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌာနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော စာအောင်ပူဇာသဘင်အတွက် အမှတ် ၁၀ သီရိဂုဏ်ရည်ခြံ ဆရာစံမြောက် အနောက်ရပ်ကွက် ဗဟန်းမြို့နယ်နေ အသင်းနာယက ဆင်မင်း ဦးတင်ရွှေ-ဒေါ်ကြည်ကြည်(ဆင်မင်းဆပ်ပြာ စက်) မိသားစုက ငွေကျပ်ငါးသိန်းကို ဒုတိယအကြိမ်အဖြစ် လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စကုဈေးကို မီးဘေး လုံခြုံရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ စကုမြို့ အရန်မီးသတ်တပ်ဖွဲ့၊ ဈေးအကျိုးဆောင်အဖွဲ့များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးဘေး ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်နေမှုကို ဧပြီ ၂၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးမျိုးဝင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

## ကလေးချင်းစကားများရာမှ လူကြီးကလှံဖြင့်ထိုး၍ လူသတ်မှုဖြစ်

**မိတ္ထီလာ မေ ၁၀**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်ရဲစခန်းအပိုင်တွင် ကလေးချင်း စကားများရာမှ လူကြီးများ ပါဝင်ကာ စကားများရန်ဖြစ်ပြီး လှံဖြင့်ထိုးသဖြင့် သေဆုံးသွားသည့် လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

**ရန်ဖြစ်**

ဖြစ်ပွားပုံမှာ မေ၂ရက် နံနက် ၁၀နာရီက သာစည်မြို့နယ် ယင်းမာပင် ရဲစခန်းပိုင် ရေပူကျေးရွာနေ မခင်မာအေး (၄၅)နှစ်တောင်သူနှင့် တစ်ရွာတည်းနေ မအုန်းမြင့်တို့သည် ကလေးချင်းစကားများရာမှ လူကြီးများ ဝင်ပါပြီး မိန်းမချင်းလမ်းပေါ်တွင် စကားများ ရန်ဖြစ်နေစဉ် မခင်အုန်းမြင့်၏ ခင်ပွန်း ကိုသန်းဌေး ရောက်ရှိလာပြီး လက်ထဲတွင် အသင့်ပါလာသည့်လှံဖြင့် မခင်မာအေးအားထိုးလိုက်ရာ ဒဏ်ရာတစ်ချက်ရရှိပြီး ဖျန်ဖြေသူ မခင်မာအေး၏ သား ကုလား(ခ)လင်းလင်းထွန်းကိုလည်း သန်းဌေးက လှံဖြင့် ဝဲဘက်လက်မောင်းကို ထိုးမိသဖြင့် ဒဏ်ရာရရှိသူ မခင်မာအေးနှင့် သားဖြစ်သူ ကုလား(ခ)လင်းလင်းထွန်းတို့အား ကလောဆေးရုံသို့ ပို့စဉ် လယ်ပြင်ဘူတာ၌ မခင်မာအေးမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့၍ သန်းဌေးမှာ လှံကိုပါယူပြီး ထွက်ပြေးသွားခဲ့သည်။

**အမှုဖွင့်**

သေဆုံးသူ မခင်မာအေး (၄၅နှစ်) ၏ ခင်ပွန်း ကိုသိန်းဇော် (၄၇နှစ်) ရေပူကျေးရွာနေ တောင်သူက တရားလိုပြုလုပ်၍ ၎င်း၏ သားနှင့်ဇနီးအား လှံဖြင့်ထိုးသူ သန်းဌေးအား အရေးယူပေးရန် ယင်းမာပင် ရဲစခန်းတွင် တိုင်ကြားရာ ရဲစခန်း(ပ) ၅၂/၂၀၀၈၊ ပုဒ်မ ၃၀၂/၃၂၆ ဖြင့် သန်းဌေးအား အမှုဖွင့်အရေးယူထားသည်။ **(၀၈၆)**

# ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် (၄၇) မြို့နယ်အတွက်ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်

**ရှေ့ဖုံးမှ**

ထိုကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲ၏ ရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ ခုနှစ်၊ မေလ (၁၅) ရက်စွဲပါ ကြေညာချက် အမှတ် (၁၀/၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ဤကော်မရှင်၏ ၂၀၀၈ ခုနှစ် မေလ(၆)ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၀၈)ဖြင့် ထုတ်ပြန်ကြေညာထားသည့်အတိုင်း ပြင်းထန်သည့် ''နာဂစ်'' မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းမှ မြို့နယ်ပေါင်း (၄၀)နှင့် ဧရာဝတီတိုင်းမှ (၇)မြို့နယ်တို့အတွက် ကျင်းပရန်ရှိသည့် ဆန္ဒခံယူပွဲကို ၂၀၀၈ခုနှစ် မေလ (၂၄)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ရာ ထိုဆန္ဒခံယူပွဲ၏ရလဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | အသက် (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေ | ၄၅၈၀၃၉၃ ဦး |
| (ခ) | ဆန္ဒမဲပေးသူဦးရေ | ၄၂၈၀၀၁၅ ဦး<br>(၉၃ ဒသမ ၄၄) ရာခိုင်နှုန်း |
| (ဂ) | ထောက်ခံဆန္ဒမဲပေးသည့်ဦးရေ | ၃၉၇၇၅၂၈ ဦး<br>(၉၂ ဒသမ ၉၃) ရာခိုင်နှုန်း |
| (ဃ) | ကန့်ကွက်ဆန္ဒမဲပေးသည့်ဦးရေ | ၂၅၆၂၃၂ ဦး<br>(၅ ဒသမ ၉၉) ရာခိုင်နှုန်း |
| (င) | ပယ်မဲ | ၄၆၂၅၅ ဦး<br>(၁ ဒသမ ၀၈) ရာခိုင်နှုန်း |

၃။ သို့ပါ၍ ဆန္ဒမဲပေးသည့် မဲဆန္ဒရှင် (၄၂၈၀၀၁၅) ဦးအနက် (၃၉၇၇၅၂၈) ဦးတို့က ထောက်ခံဆန္ဒမဲပေးသည့်အတွက် ထောက်ခံသည့် ရာခိုင်နှုန်းမှာ (၉၂ ဒသမ ၉၃) ရာခိုင်နှုန်းဖြစ်ကြောင်း ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ (၄၇) မြို့နယ်အတွက် ကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲ၏ ရလဒ်အား ကြေညာအပ်ပါသည်။

**(အောင်တိုး)**
**ဥက္ကဋ္ဌ**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အစည်းအဝေး(၁၀/၂၀၀၈)ကျင်းပ

**သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး (၁၀/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

နေပြည်တော် မေ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး (၁၀/၂၀၀၈)ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရုံး အမှတ်(၂၂)ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါအစည်းအဝေးသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းကိုက ဆောင်ရွက်သည်။

### အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားသည်။

### ဆွေးနွေးညှိနှိုင်း

ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆုံးဖြတ်ကြသည်။

ယင်းနောက် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် မေ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ပုသိမ်လေဆိပ်မှ အဝတ်အထည်၊ ဆေးဝါးနှင့် ဂါလန် ၂၀၀ ဆံ့ မိုးကာရေလှောင်ကန်များအား တပ်မတော်ရဟတ်ယာဉ်ဖြင့် တင်ဆောင်၍ ဘိုကလေးမြို့သို့ရောက်ရှိရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ပြုစုဆောင်ရွက်

ထို့နောက် စစ်ရေးချုပ်က လေဘေးသင့်ကျေးရွာများတွင် ပြန်လည်ရောက်ရှိ လူဦးရေနှင့် ထပ်တိုးလူဦးရေစာရင်းများကို ရက်စွဲအလိုက်ကောက်ယူရေး၊ ကျန်ရှိကျွဲ၊ နွားများဖြင့် လယ်ယာမြေ ပြင်ဆင်ဆောင်ရွက်ပြီး မျိုးစပါးများရောက်ရှိပါက စိုက်ပျိုးနိုင်ရန်စီစဉ်ထားရှိရေး၊ ထောက်ပံ့ပစ္စည်းများကို လေဘေးသင့်ကျေးရွာများ တစ်ပြေးညီဖြန့်ဖြူး၍ အိမ်ထောင်စုအလိုက် ပစ္စည်းထုတ်ယူမှုတ်တမ်းစာအုပ်များ ပြုစုဆောင်ရွက်ရေး၊ ရေတွင်းရေကန်များအား ရောက်ရှိစက်အင်အားများဖြင့် ကျေးရွာအလိုက် သန့်စင်သောရေရရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် စစ်ရေးချုပ်သည် ဒေးဒရဲမြို့သို့ရောက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြို့နယ်အတွင်းရှိ စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများ ပြင်ဆင်ပြီးစီးမှု၊ လယ်ယာလုပ်ငန်းအတွက် လက်တွန်းထွန်စက်ရောက်ရှိမှုနှင့် မြို့နယ်ရှိ ဆန်စက်များ ပြန်လည်ကြိတ်ခွဲနိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

**မြန်မာ့အလင်း ဆောင်းပါးအညွှန်း**

**လပွတ္တာမြို့**
**လေဘေးကယ်ဆယ်ရေး**
**စခန်းများ၌ နေ့စဉ်ကျန်းမာရေး**
**စောင့်ရှောက်မှုလုပ်ငန်းများနှင့်**
**ကူးစက်ရောဂါ ကာကွယ်ရေး**
**လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

**မောင်မောင်ထွေး(သတင်းစဉ်)၏**
**သတင်းဆောင်းပါး (စာ-၁၀)**